စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၅/၂၀၂၂

## ၂၀၂၂ ခုနှစ်၊ မေလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ဘိုကလေးမြို့နယ် ဒေသထွက်ခနဲ မိုးကြိုကာလ၌ ဈေးကောင်းရရှိနေ
- ပြည်ပပို့ကုန်ကဏန်းပျော့ ရခိုင်ပြည်နယ်တွင် တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရန်ကြိုးပမ်း

### နိုင်ငံတကာဈေးကွက်

- IMF သည် တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အလားအလာအား မူလမျှော်မှန်းထားသည့် ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချပြင်ဆင်ခဲ့
- နယ်သာလန်နိုင်ငံသည် အီးယူတွင် ယူကရိန်းနိုင်ငံမှ နေကြာဆီကို အများဆုံးတင်သွင်းသူအဖြစ်ရပ်တည်ခဲ့
- ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုဆိုင်ရာများဆွေးနွေး
- အမေရိကန်နိုင်ငံ၊ ဈေးကွက်နှင့် မူဝါဒချိတ်ဆက်ပေးသည့် Poligage ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Christine Davies နှင့် တွေ့ဆုံဆွေးနွေး
- ထိုင်းနိုင်ငံအစိုးရကော်မတီအနေဖြင့် e-commerce လုပ်ငန်းစီမံချက်မူကြမ်းကို အတည်ပြုခြင်း
- ဂျပန်နိုင်ငံတဝှမ်း နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ် လက်မှတ်ကြိုတင်မှာယူမှု များပြားလာခြင်းသည် လေကြောင်းလိုင်းများ ပြန်လည်ကောင်းမွန်လာသည့် လက္ခဏာဖြစ်ကြောင်းပြသ
- ဟောင်ကောင်ဒေသ၌ စားသောက်ကုန်များ မထုတ်လုပ်နိုင်သည့် အကြောင်းအရာများ
- တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် တောင်ပိုင်းဩစတြေးလျ ဝိုင်လုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိခြင်း

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ရေထွက်ပစ္စည်းတင်ပို့မှုတွင် မြန်မာနိုင်ငံ၏ နောက်ဆုံး Check Point ဖြစ်သည့် ကော့သောင်း Check Point မှ အများဆုံးတင်ပို့ထားကြောင်းသိရ
- ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို ဗဟိုဘဏ်မှထုတ်ပြန်ထားသည့်ကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အားပိတ်သိမ်းမည်

### ပြည်ပကုန်သွယ်မှုသတင်း

- တရုတ်ငွေကြေး ယွမ်ကို နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် ပေးချေရန် ပထမအဆင့်လုပ်ဆောင်နေပြီး တရုတ်ရင်းနှီးမြုပ်နှံမှုလုပ်ငန်း၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများတွင် ဆက်လက်လုပ်ဆောင်မည်
- တရုတ်နိုင်ငံ၏ တင်းကြပ်သည့် ကျန်းမာရေးစည်းမျဉ်းများကြောင့် တောင်သူများ သရက်တင်ပို့ရန် အခြေအနေစောင့်ကြည့်နေရ
- မှျစ်ခြောက်၊ မှျစ်ချို၊ မှျစ်ဆားရည်စိမ်များကို တန်ဖိုးမြှင့်စားသောက်ကုန်များထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့တင်ပို့နိုင်ရန်စီစဉ်

### အထူးဆောင်းပါးများ

- အိန္ဒိယ-ဩစတြေးလျနှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်လက်မှတ်ရေးထိုး

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁ -၃၈၈၂၉၇

၀၁ -၃၇၆၄၉၀

ဖက်စ် ၀၁ -၃၇၆၄၁၆

http://www.myantrade.org

myantradetir2018@gmail. com

## ပြည်တွင်းဈေးကွက်

### ဘိုကလေးမြို့နယ် ဒေသထွက်ခနိ မိုးကြိုကာလ၌ ဈေးကောင်းရရှိနေ

ပင်လယ်ရေငန်ဒေသများနှင့် ဒီရေတောဒေသများတွင် ပေါက်ရောက်လေ့ရှိသည့် ဓနိပင်များသည် မြစ်ဝကျွန်းပေါ် ဒီရေတောဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်ဘိုကလေးမြို့နယ်အောက်ဘက်တစ်လျှောက် ပေါများစွာ ပေါက်ရောက်လေ့ရှိရာ ယခုကဲ့သို့ မိုးရာသီရောက်ခါနီး မိုးကြိုကာလ၌ ဘိုကလေးဒေသထွက် ဓနိများ ဈေးကွက်အတွင်း၌ ဈေးကောင်းရရှိနေကြောင်း ဓနိလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

ဓနိပင်များအား စိုက်ပျိုးရာတွင် ဒီရေအတက်အကျရှိသည့် ကမ်းစပ်မြေ၌ ၆ တောင်ခန့်ခွာ၍ ညီညာစွာစိုက်ပျိုးရပြီး စတင်စိုက်ပျိုးချိန်မှစ၍ သုံးနှစ်တာကြာမြင့်ချိန်၌ ဓနိတစ်ပင်လျှင် ဓနိကိုင်း ၁၀ ကိုင်းခန့် ထွက်ရှိကြောင်း၊ ကာလပိုမိုကြာမြင့်လာပါက ဓနိပျစ်ပိုမိုကြီးထွားလာ၍ ဓနိကိုင်း ၂၅ ကိုင်းအထိ ထွက်ရှိလေ့ရှိကြောင်း ဓနိခြံ ပိုင်ရှင်တစ်ဦးထံမှသိရသည်။

ဓနိလုပ်ငန်းသည် တစ်နှစ်လျှင်တစ်ကြိမ်သာငွေပေါ်သည့် ရာသီကုန်ဖြစ်ပြီး လယ်ယာလုပ်ငန်းကဲ့သို့ နှစ်စဉ်အရင်းအနှီး ထည့်ဝင်ရသည့် လုပ်ငန်းမျိုးမဟုတ်ဘဲ ဓနိခြံပိုင်ရှင်များအနေဖြင့် တစ်မိုးတွင်းလုံး ဓနိအရွက်၊ အလက်မွေး၍ နွေရောက်မှသာ လျှင်ခုတ်ယူကြပြီး ငွေပေါ်ရသည့် လုပ်ငန်းမျိုးဖြစ်သည်။ အခြားသော ဥယျာဉ်သီးနှံများကဲ့သို့ ဓာတ်မြေဩဇာကျွေးရခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း လုံးဝလုပ်စရာမလိုဘဲ ဒီရေများနှင့် ပါလာသော နုန်းမြေများသည် ဓနိခြံအတွင်းတွင် တင်ကျန်နေခဲ့ပြီး သဘာဝမြေဩဇာအဖြစ် ဓနိပင်များကို ကြီးထွားစေသည်။

ဓနိလုပ်သားများအနေဖြင့် နွေကာလ၌ ဓနိအလက် ခုတ်ကြပြီး ရေလမ်း၊ ကုန်းလမ်းဖြင့်အဆင်ပြေအားလျော်စွာ သယ်ယူကြ၍ အိမ်သို့ရောက်သည့်အခါ ဓနိလက်များကိုစီ၍ အတန်းလိုက် နှစ်ပတ်ခန့်နှပ်ထားသည်။ ဓနိများနှပ်သည့်အခါ ဝါးကိုစိတ်ထားသည့် နှစ်တောင့်ထွာခန့်ရှိသည့် ဓနိတံများ၌ ဓနိထိုးကာ ဈေးကွက်များအတွင်းသို့ ပို့ကြပြီး ဈေးကွက်များသို့ ရောက်ရှိချိန်တွင် ဓနိအပျစ် ၁၀၀ လျှင် ငွေကျပ် ၁၀၀၀၀ ခန့် ဈေးကောင်းရရှိကြောင်း ဓနိလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။ Source: https://www.myawady.net.mm/node/24431

### ပြည်ပပို့ကုန်ကဏန်းပျော့ ရခိုင်ပြည်နယ်တွင် တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရန် ကြိုးပမ်း

ပြည်ပပို့ကုန်ဈေးကွက် ခိုင်မာစွာရရှိထားသော ရခိုင်ပြည်နယ်မှ ကဏန်းပျော့များအား မြို့နယ်သုံးခုရှိ စက်ရုံများမှ မွေးမြူထုတ်လုပ်လျက်ရှိရာ လက်ရှိမွေးမြူလျက်ရှိသော ၁၆၇ ဧကကျော်မှ ဧက ၅၀၀ ခန့်အထိ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ကဏန်းပျော့မွေးမြူသော လုပ်ငန်းအား ၂၀၀၉-၂၀၁၀ ခုနှစ် ဝန်းကျင်၌ စစ်တွေ၊ တောင်ကုတ်၊ ကျောက်ဖြူမြို့နယ်တို့တွင် စတင်စမ်းသပ်မွေးမြူခဲ့ခြင်းဖြစ်ပြီး ကျောက်ဖြူမြို့နယ် ချီကျွန်း ဒေသ၌ လုပ်ငန်းရှင်တစ်ဦးမှ ကဏန်းကောင်ရေ ၅၀၀၀၀ ခန့် အများဆုံးစမ်းသပ် မွေးမြူခဲ့ခြင်းဖြစ်သည်။ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းကို စစ်တွေမြို့နယ်နှင့် ပုဏ္ဏားကျွန်း မြို့နယ်တို့ရှိ ၉၇ ဒသမ ၈၅ ဧရိယာတွင် နှစ်ကန်၊ ကျောက်ဖြူမြို့နယ်ရှိ ၃၇ ဒသမ ၇၅ ဧရိယာတွင် ငါးကန်၊ သံတွဲခရိုင် တောင်ကုတ် မြို့နယ်ရှိ ၃၁ ဒသမ ၉၀ ဧက၌ ခြောက်ကန်ဖြင့် စုစုပေါင်း ၁၆၇ ဒသမ ၅၀ ဧကတွင် မွေးမြူရေး ကန် ၁၃ ကန်ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိသည်။

ကဏန်းမှကဏန်းပျော့ကို မွေးမြူရေးကန်များ၌ အလုပ်သမားများဖြင့်စောင့်ကြည့်၍ ကဏန်းပျော့အဖြစ်အရေခွံ လဲချိန်တွင်ထုတ်ယူပြီး အအေးခန်းစက်ရုံသို့ပို့ဆောင်ထုပ်ပိုးပြီးနောက် ပြည်ပဈေးကွက်သို့ အရှင်တင်ပို့လျက်ရှိသည်။ ကဏန်းမှ ကဏန်းပျော့အဖြစ်ပြောင်းလဲရာတွင် ကျန်ရှိခဲ့သောကဏန်းအခွံနှင့်ခြေလက်များအား ယခင်ကစွန့်ပစ်လေ့ရှိပြီး ယခုအခါ ထိုအခွံများကိုကြိတ်၍ ငါးအစာနှင့်မြေဩဇာအဖြစ် အဆင့်မြင့်ပြုပြင်ထုတ်လုပ်မှုဖြင့် ရေထွက်ကုန်ထုတ်လုပ်မှုတွင် တန်ဖိုးမြင့် ထုတ်လုပ်လျက်ရှိကာ ဒေသခံများလည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိနေသည်။

“ရခိုင်ပြည်နယ်မှ ကဏန်းပျော့ကို ဂျပန်၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှားနဲ့ အီးယူနိုင်ငံတွေကို တင်ပို့ တယ်လို့သိရပါတယ်။ ဒါကြောင့် ဝယ်လိုအားကောင်းတဲ့အတွက် ကဏန်းအကောင်ငယ်တွေပါ ဖမ်းဆီးရောင်းချမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ ပြီးတော့ကဏန်းမွေးမြူရေးဧရိယာတိုးချဲ့ဖို့အတွက် ကန်ပြုပြင်မှုနဲ့ မြေယာအသုံးချမှုရဖို့ အတွက် လာမယ့်မိုးရာသီပြီးရင် စတင်အကောင်အထည်ဖော်လိမ့်မယ်ထင်တယ်။ အဲဒါပြီးသွားရင် ကဏန်းပျော့မွေးမြူရေး ဧရိယာဧက ၅၀၀ ဖြစ်လိမ့်မယ်။ ပုဏ္ဏားကျွန်းမြို့နယ်မှာလည်း ကဏန်းမွေးမြူရေးဧရိယာ ထပ်ချဲ့နေတာရှိတယ်။ ကဏန်း မွေးမြူရေးဧရိယာဧက ၅၀၀ ဆိုရင် ကန်ပေါင်း ၂၀ ထိတိုးလာမှာပါ”ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ဒေသ ရှိ့ကဏန်းမျိုးစိတ်ကို ဦးစွာကုန်ကြမ်းစုဆောင်းခြင်း၊ အရွယ်အစားရွေးချယ်ခြင်း၊ ၁၀၀ ဂရမ်အထက်အား အရေပျော့မွေးကန်သို့ပေးပို့ခြင်း၊ အရေခွံလဲသည့်အထိ (၄၅-၆၀)ရက်အထိ မွေးမြူခြင်း၊ အရေပျော့ကဏန်း ဖမ်းဆီးခြင်း၊ အရေခွံများ ပြန်မမာစေရန် 15ppm ကလိုရင်းဖြတ်၍ မိနစ် ၃၀ ခန့်ရေချိုစိမ်ခြင်း၊ ကုန်ချောထုတ်လုပ်ရန် အအေးခန်းသို့ပေးပို့

ခြင်းတို့ကိုဆောင်ရွက်ပြီး ကုန်ချောပြုပြင်ထုတ်လုပ်မှုတွင် ကဏန်းပျော့မွေးကန်မှ ပေးပို့သော ကဏန်းများကို လက်ခံရယူခြင်း၊ ရရှိပြီးသောကဏန်းများအားဆေးကြောခြင်း၊ ပိုးသတ်ခြင်း၊ ပုံစံညှပ်ခြင်း၊ သန့်စင်ခြင်း၊ အရွယ်အစားရွေးခြင်း၊ ထပ်မံပိုးသတ်ခြင်း၊ ချိန်တွယ်ခြင်း၊ အေးခဲခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဈေးကွက်သို့တင်ပို့သည့်စနစ်ဖြင့် ကဏန်းပျော့များအား ပြည်ပနိုင်ငံများသို့တင်ပို့လျက်ရှိသည်။ အဆိုပါ ကဏန်းပျော့ထုတ်လုပ်သောလုပ်ငန်းတွင် ကုန်ကြမ်းမှ ကုန်ချော အဖြစ် တန်ချိန် ၆၀၀ ကျော်အထိ တိုးတက်ထုတ်လုပ်လျက်ရှိပြီး ရေရှည်ကဏန်းထုတ်ယူနိုင်ရန် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

Source:[https://www.moi.gov.mm/npe/index.php/pnnyppiukunknnnpeaa-rkhiungpnnynyttng ttiukhaimemuuthuttlupniungrn-kiupm](https://www.moi.gov.mm/npe/index.php/pnnyppiukunknnnpeaa-rkhiungpnnynyttngttiukhaimemuuthuttlupniungrn-kiupm)

## နိုင်ငံတကာဈေးကွက်

### IMF သည် တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အလားအလာအား မူလမျှော်မှန်းထားသည့် ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချပြင်ဆင်ခဲ့

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(International Monetary Fund-IMF)သည် တောင်ကိုရီးယားနိုင်ငံအတွက် ၎င်း၏ ၂၀၂၂ ခုနှစ်၊ စီးပွားရေးတိုးတက်မှုနှုန်းမျှော်မှန်းချက်ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင်မူလခန့်မှန်းထားခဲ့သည့် ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့လျှော့ချပြင်ဆင်ခဲ့ပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခ၏ ကာလရှည်ကြာလာမှုနှင့် ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်းတို့ အကြားတွင် မသေချာမရေရာမှုများက ပိုမိုကြီးထွားလာသဖြင့် ကမ္ဘာ့အဆင့် ၁၀ ရှိသော တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအလားအလာသည် အကျဘက်သို့ဦးတည်လာပြီး၊ အဓိကစီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ထွန်းသစ်စနိုင်ငံများအပေါ်တွင်လည်း သက်ရောက်မှုရှိလာနိုင်သည်ဟု IMF က သုံးသပ်ထားပါသည်။ IMF သည် တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၃ ခုနှစ် စီးပွားရေးအလားအလာကိုမူ ၂ ဒသမ ၉ ရာခိုင်နှုန်းတွင်ပင် မပြောင်းလဲဘဲ ဆက်လက်ထားရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤအစီရင်ခံစာဖော်ပြချက်သည် ရုရှား-ယူကရိန်း ပဋိပက္ခစတင်လာချိန်မှစ၍ IMF ၏ပထမဆုံးသော ကမ္ဘာ့စီးပွားရေးအလားအလာသုံးသပ်ချက် အစီရင်ခံစာဖြစ်ပါသည်။ တရုတ်နိုင်ငံ၌တိုးတက်မှုနှေးကွေးနေခြင်း၊ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် ပြတ်တောက်ခြင်းနှင့် ကိုဗစ်-၁၉ Omicron ဗိုင်းရပ်စ်ပျံ့နှံ့ခြင်းအခြေအနေတို့က ကမ္ဘာ့စီးပွားရေးအတွက် အကျပ်အတည်းများကို ပိုမိုလာစေခဲ့ပါသည်။ IMF သည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း မျှော်မှန်းချက်ကို မူလမျှော်မှန်းထားသည့် ၄ ဒသမ ၄ ရာခိုင်နှုန်းမှ ၃ ဒသမ ၆ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီး၊ ကမ္ဘာ့ဘဏ်က ၎င်း၏ ကမ္ဘာ့စီးပွားရေးတိုးတက်မှု မျှော်မှန်းချက်ကို ၄ ဒသမ ၁ ရာခိုင်နှုန်းမှ ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါ IMF ၏အစီရင်ခံစာကို လေ့လာဆန်းစစ်ပြီးသည့်နောက် တောင်ကိုရီးယားနိုင်ငံ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ရုရှား-ယူကရိန်းအကျပ်အတည်းတွင် ယေဘုယျအားဖြင့် အခြားသောကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းများနှင့်နှိုင်းယှဉ်ပါက တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးအပေါ် အကန့်အသတ်ဖြင့်သာ သက်ရောက်မှုရှိနိုင်ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံနှင့်စက်သုံးဆီဈေးနှုန်းများမြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်လာသော်လည်း အဆိုပါထိုးနှက်ချက်များကို တန်ပြန်ခံနိုင်ရည်ရှိစေရေးအတွက် တောင်ကိုရီးယားနိုင်ငံအနေဖြင့် မူဝါဒပိုင်းတွင် ခိုင်မာအောင်ကြိုတင်ဆောင်ရွက်ထားမှုကြောင့် အခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် သက်ရောက်မှုသက်သာမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်လာမှုအပေါ် တောင်ကိုရီးယားအစိုးရက ရေနံအတွက်အခွန်များ လျှော့ချပေးထားမှုကြောင့် အတိုင်းအတာတစ်ခုအထိ စီးပွားရေးကဏ္ဍအပေါ် သက်ရောက်မှုသက်သာသည်ဟု သုံးသပ်နိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သုံးသပ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

IMF ၏ကိန်းဂဏန်းများအရ ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ကာလအတွင်း တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပျမ်းမျှ စီးပွားရေးတိုးတက်မှုနှုန်းသည် G7 နိုင်ငံများထက်သာလွန်ကြောင်း၊ အလားတူ ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ကာလတွင်လည်း တောင်ကိုရီးယားနိုင်ငံက G7 နိုင်ငံများထက် သာလွန်နိုင်ကြောင်း၊ ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ခုနှစ်ကာလအတွင်း IMF ၏ ပျမ်းမျှကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက်အသစ်အရ တောင်ကိုရီးယားနိုင်ငံအတွက် ၂ ဒသမ ၁၁ ရာခိုင်နှုန်း၊ အမေရိကန် အတွက် ၂ ဒသမ ၀၂ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံအတွက် ၁ ဒသမ ၄၂ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံအတွက် ၁ ဒသမ ၀၂ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံအတွက် ၀ ဒသမ ၆၇ ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံအတွက် ၀ ဒသမ ၄၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံအတွက် ၀ ဒသမ ၃၆ ရာခိုင်နှုန်း အသီးသီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

Source – The Korea Times (21-4-2022)

Source: ဝင်းပပသူ- စီးပွားရေးသံမှူး

## နယ်သာလန်နိုင်ငံသည် အီးယူတွင် ယူကရိန်းနိုင်ငံမှ နေကြာဆီကို အများဆုံးတင်သွင်းသူအဖြစ် ရပ်တည်ခဲ့

နယ်သာလန်နိုင်ငံ စာရင်းအင်းအဖွဲ့အစည်း (Statistics Netherlands – CBS) မှ ထုတ်ပြန်သည့် အချက်အလက်များအရ နယ်သာလန်သို့တင်သွင်းသည့် နေကြာဆီများ၏ ၈၄ ရာခိုင်နှုန်းမှာ ယူကရိန်းနိုင်ငံမှဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံသည် ယူကရိန်းနိုင်ငံမှ နေကြာဆီနှင့် ပြောင်းတို့ကို အများဆုံး တင်သွင်းသည့် အီးယူနိုင်ငံဖြစ်ပြီး၊ နေကြာဆီတင်သွင်းမှုတန်ဖိုး ယူရို ၅၃၈ သန်းနှင့် ပြောင်းတင်သွင်းမှုတန်ဖိုး ယူရို ၅၃၆ သန်း အသီးသီးရှိခဲ့ကြောင်းသိရပါသည်။ နယ်သာလန်နိုင်ငံသို့ တင်သွင်းသည့် ပြောင်းများ၏ ၄၂ ရာခိုင်နှုန်းမှာ ယူကရိန်းနိုင်ငံထံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

ယူကရိန်းနိုင်ငံထံမှ တင်သွင်းထားသည့် နေကြာဆီနှင့် ပြောင်းတို့မှာ နယ်သာလန်နိုင်ငံ၌ ပြုပြင်ထုတ်လုပ်ပြီးနောက် အခြားကမ္ဘာ့နိုင်ငံများသို့ ပြန်လည်တင်ပို့ခြင်းဖြစ်ကြောင်း၊ တင်သွင်းသည့် ပြောင်းများ၏ ၆၆ ရာခိုင်နှုန်းနှင့်တင်သွင်းလာသည့် နေကြာဆီ၏ ၈၅ ရာခိုင်နှုန်းတို့ကို ကမ္ဘာ့နိုင်ငံများသို့ ပြန်လည်တင်ပို့ ရောင်းချခြင်းဖြစ်ကြောင်းသိရပါသည်။ နယ်သာလန်နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ယူကရိန်းနိုင်ငံထံမှ ကုန်စည်တင်သွင်းမှုမှာ တန်ဖိုးအားဖြင့် ယူရို ၂ ဘီလျံကျော် ရှိခဲ့ကြောင်း၊ ယင်းပမာဏ၏ ၈၈ ရာခိုင်နှုန်းမှာ ယူကရိန်းနိုင်ငံမှထွက်ရှိသည့် ပြောင်းနှင့် ဟင်းချက်ဆီအမျိုးမျိုးကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားနေမှုကြောင့် နယ်သာလန်နိုင်ငံအနေဖြင့် အချို့ထုတ်ကုန်များ ပြတ်လပ်မည့်အခြေအနေကို ကြုံတွေ့ရနိုင်သည့် အလားအလာရှိလာကာ စူပါမားကတ်များအနေဖြင့် အစားထိုးနိုင်မည့် အရင်းအမြစ်များရှာဖွေရခြင်း၊ စိုးရိမ်စိတ်ဖြင့် စုဆောင်းဝယ်ယူမှုများကြောင့် ကုန်ပစ္စည်းပြတ်လပ်ခြင်းစသည့် ဖိအားများ ရှိလာကြောင်း သိရပါသည်။

နယ်သာလန်နိုင်ငံ၌ ပြောင်းကို မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းဖြစ်ရာ ယူကရိန်းနိုင်ငံထံမှ ပြောင်းတင်သွင်းမှုအခက်အခဲနှင့် ပြတ်လပ်မှုပြဿနာကြောင့် အသားနှင့်နို့ထွက်ပစ္စည်း ဈေးနှုန်းများ မြင့်တက်မှုဖြစ်လာစေနိုင်ကြောင်း၊ နေကြာဆီအတွက် အစားထိုးအရင်းအမြစ်များအဖြစ် ဆီအုန်းနှင့် ပန်းနှမ်းဆီတို့ကိုရရှိနိုင်သော်လည်း ၎င်းတို့မှာ နေကြာဆီထက်ပို၍ ကုန်ကျစရိတ်များပြားနိုင်ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.iamexpat.nl/expat-info/dutch-expat-news/netherlands-largest-importer-ukrainian-sunflower-oil-eu

Source: ကျော်စိန်ဝင်း– စီးပွားရေးသံမှူး

## ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့အကြားကုန်သွယ်မှုဆိုင်ရာများဆွေးနွေး

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အစိုးရအဖွဲ့ဝင်ဝန်ကြီးများဆွေးနွေးပြီးနောက် ၂၀၂၅ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအထိ မြင့်တင်သွားရန်ရည်မှန်းထားကြကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့အကြား လေးကြိမ်မြောက်ကုန်သွယ်မှုဆိုင်ရာပူးတွဲကော်မတီ အစည်းအဝေးကို ကျင်းပခဲ့ပြီးနောက် ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးမစ္စတာဂျူရင်က ဗီယက်နမ်စက်မှုလုပ်ငန်းနှင့်ကုန်သွယ်ရေးဝန်ကြီး Nguyen Hong Dien နှင့်ဆွေးနွေးရာတွင် နှစ်နိုင်ငံကုန်သွယ်မှုကို ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအထိ တိုးမြှင့်သွားရန်မျှော်မှန်းခဲ့ကြကြောင်း ပြောကြားလိုက်ပါသည်။ အဆိုပါပူးတွဲကော်မတီ အစည်းအဝေးကို ထိုင်းနိုင်ငံတွင်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် အာဆီယံတွင် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ တရုတ်၊ ဂျပန်၊ အမေရိကန်၊ အီးယူနှင့် မလေးရှားတို့ပြီးပါက ကမ္ဘာပေါ်တွင် ထိုင်းနိုင်ငံ၏ ဆဋ္ဌမမြောက်အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်းသိရှိရပါသည်။ ယမန်နှစ်က နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ ဘီလီယံအထိရှိခဲ့ကြောင်း၊ ၎င်းမှာ ၂၀၂၀ ခုနှစ်ကထက် ၁၇ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကုန်သွယ်မှုပမာဏတွင် ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံရှိခဲ့ပြီး ၁၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ သွင်းကုန်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၃ ဘီလီယံရှိခဲ့ပြီး ၎င်းမှာ ၂၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံမှဗီယက်နမ်နိုင်ငံသို့တင်ပို့သည့် ပို့ကုန်များအနက် အရေးကြီးသည့်ပို့ကုန်များတွင် မော်တော်ကားများနှင့် မော်တော်ကားအစိတ်အပိုင်းများ၊ ပလပ်စတစ်ကော်စေ့များ၊ သန့်စင်ပြီးဆီများ၊ ဓါတုဗေဒပစ္စည်းများ၊ လေအေးပေးစက်များနှင့် အစိတ်အပိုင်းများပါဝင်ကြပြီး၊ ဗီယက်နမ်နိုင်ငံမှတင်သွင်းသည့် အဓိကသွင်းကုန်ပစ္စည်းများတွင် လျှပ်စစ်ပစ္စည်းအသုံးအဆောင်များ၊ ရေနံစိမ်း၊ လျှပ်စစ်နှင့်စက်ပစ္စည်းကရိယာအစိတ်အပိုင်းများ၊ စတီးနှင့် စတီးထုတ်ကုန်ပစ္စည်းများ၊ ဓါတုဗေဒပစ္စည်းများတို့ပါဝင်ကြောင်းသိရှိရပါသည်။

မစ္စတာဂျူရင်၏အဆိုအရ ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံ၏ နယ်စပ်စစ်ဆေးရေးဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံ Youyiguan နယ်စပ်စစ်ဆေးရေးဂိတ်သို့ ထိုင်းနိုင်ငံ၏ သစ်သီးဝလံများတင်ပို့မှုအပေါ် အဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးရန် ၎င်းအနေဖြင့် တောင်းဆိုထားကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံTongxing နယ်စပ်စစ်ဆေးရေးဂိတ်ပြန်လည်ဖွင့်လှစ်ချိန်တွင် တရုတ်နိုင်ငံ Youyiguan နယ်စပ်စစ်ဆေးရေးဂိတ်အပြင် Pingxiang မီးရထားစစ်ဆေးရေးဂိတ်ကိုလည်း အချိန်နှင့်တပြေးညီ ဖွင့်လှစ်ပေးနိုင်ရေး ဗီယက်နမ်နိုင်ငံအနေဖြင့်ကူညီဆောင်ရွက်ပေးရန်တောင်းဆိုထားကြောင်း သိရှိရပါသည်။

ဝန်ကြီးမစ္စတာဂျူရင်က တရုတ်နိုင်ငံသို့ ထိုင်းထုတ်ကုန်များတင်ပို့ရာတွင် ပျက်ဆီးမှုများကိုရှောင်ရှားနိုင်စေရေးနှင့် တင်ပို့မှုအရှိန်မြှင့်တင်နိုင်ရန်အတွက် တရုတ်နှင့် ဗီယက်နမ်နိုင်ငံများမှ အစိမ်းရောင်လမ်း(Green Lanes) များကို တောင်းခံထားကြောင်း ပြောကြားခဲ့ပါသည်။

တရုတ်အာဏာပိုင်များအနေဖြင့် Zero-Covid မူဝါဒနှင့်အညီ တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ထိုင်း သစ်သီးဝလံကွန်တိန်နာများကို၎င်းတို့၏နယ်စပ်စစ်ဆေးရေးဂိတ်များတွင်တင်းကြပ်စွာစစ်ဆေးလျက်ရှိနေဆဲဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းစဉ်သည် တင်ပို့မှုအပေါ်နှောင့်နှေးစေကြောင်းနှင့် တစ်ခါတစ်ရံ သစ်သီးဝလံပျက်ဆီးမှုများရှိနေကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် ထိုင်းကုန်စည်ပြပွဲများအား ကူညီပေးရန်တောင်းဆိုထားကြောင်း၊ အထူးသဖြင့် မေလ ၂၀-၂၂ ရက်နေ့အထိ Can Tho တွင်ကျင်းပမည့် ကုန်စည်ပြပွဲနှင့် ဇွန်လ ၁၆-၁၉ ရက်နေ့အထိ Quang Ninth တွင်ကျင်းပသွားမည့် Mini Thailand Week Events ကုန်စည်ပြပွဲတို့အတွက်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် သန့်ရှင်းသောစွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုများကိုပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဗီယက်နမ်လုပ်သားများအား ထိုင်းနိုင်ငံသို့ပံ့ပိုးပေးရေး၊ လက်ရှိငါးဖမ်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးကဏ္ဍများတွင်လုပ်ကိုင်နေသော လုပ်သားများကို ပံ့ပိုးကူညီရေးများကိုဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံထွက် Lamphun golden dried Longan လောင်ဂန်သီးအတွက် ဗီယက်နမ်တွင် ပထဝီဝင်အမှတ်အသားဆိုင်ရာမှတ်ပုံတင်နိုင်ရေး ကူညီပေးရန်တောင်းဆိုထားကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ထိုင်းနိုင်ငံအား ဗီယက်နမ်နိုင်ငံထွက် သစ်သီးဝလံများဖြစ်သည့် ကျွဲကောသီး၊ ဩဇာသီး၊ ဖျော်ရည်သီး၊ (Star Apple)နှင့် ကြက်မောက်သီးတို့အား ထိုင်းနိုင်ငံသို့ အရှိန်မြှင့်တင်တင်သွင်းနိုင်ရေး ကူညီပေးခြင်းအားဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်နေမှုအား ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားကြရန် ထိုင်းနိုင်ငံသို့ တောင်းဆိုထားကြောင်းသိရှိရပါသည်။ Bangkok Post

Source: လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

## အမေရိကန်နိုင်ငံ၊ ဈေးကွက်နှင့် မူဝါဒချိတ်ဆက်ပေးသည့် Poligage ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သူ Mr. Christine Davies နှင့် တွေ့ဆုံဆွေးနွေး

အမေရိကန်နိုင်ငံ၊ ဈေးကွက်နှင့်မူဝါဒချိတ်ဆက်ပေးသည့် Poligage ကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင် အရာရှိချုပ်ဖြစ်သူ Ms.Christine Davies နှင့် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် စီးပွားရေးသံမှူးတို့သည် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးတွင် ၂၁-၄-၂၀၂၂ ရက် နေ့၊ မွန်းလွဲ ၀၁:၀၀ နာရီတွင် မြန်မာသံရုံး၌တွေ့ဆုံကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများရရှိရေး ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် Ms.Christine Davies က ယခု ကာလတိုအတွင်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ခေတ္တငြိမ်သက်လျက်ရှိသော်လည်း အခွင့်အရေးကောင်းများရရှိနိုင်ရေး ရှာဖွေဆွေးနွေးဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံကာ စီးပွားရေးဆောင်ရွက်လျက်ရှိသည့် အမေရိကန်စီးပွားရေးလုပ်ငန်းများသည် ပြန်လည်ကောင်းမွန်လာမည့်အချိန်အခါကို စောင့်မျှော်လျက်ရှိကြောင်း၊ မကြာသေးမီက အမေရိကန် - အာဆီယံစီးပွားရေးကောင်စီ (US-ASEAN Business Council) မှလည်း အမေရိကန်ရောက် မြန်မာကျောင်းသားများအတွက် ပညာသင်ဆု ပေးအပ်ခဲ့ခြင်းသည်လည်း မြန်မာနိုင်ငံသားများအတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် ကိစ္စရပ်များ ဆောင်ရွက်မှုတိုင်းအတွက် (သမ္မတ အိမ်ဖြူတော်တွင် ဆောင်ရွက်သည့်ကိစ္စတိုင်းအပါအဝင်) လွှတ်တော်၏ ခွင့်ပြုချက်ရယူရကြောင်း၊ သို့ဖြစ်၍ လွှတ်တော်အမတ်များနှင့်ခင်မင်မှုသည်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေးအတွက် အရေးကြီးကြောင်း၊ ယခု အမေရိကန်တွင် ကပ်ရောဂါကန့်သတ်မှုများ ပြန်လည်ဖြေလျှော့လာသည့်အတွက် လွှတ်တော်၊ စီးပွားရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ မိမိနိုင်ငံ၏ အခြေအနေမှန်များ၊ စီးပွားရေးအရေးယူမှုများကြောင့် အခြေခံနှင့် လူလတ်တန်းစားများအပေါ် ထိခိုက်မှုနှင့် ကုစားပေးနိုင်သည့် အခွင့်အလမ်းများရရှိရေး ဆွေးနွေးညှိနှိုင်းစေလိုကြောင်း၊ မူဝါဒချမှတ်သူများအား လက်ရှိအခြေအနေမှန်ကို သိရှိနိုင်ရေး ဆောင်ရွက်ခြင်းသည်အရေးကြီးပါကြောင်း၊ အမေရိကန်စီးပွားရေး

လုပ်ငန်းများအနေနှင့် ESG လိုခေါ်ကြသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဘဝလုံခြုံရေးနှင့် သတင်းအချက်အလက်လုံခြုံရေး (Cuber Security Data) စသည့်အချက်များကို အလေးထားဆောင်ရွက်ကြရကြောင်း၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် ယခုနှစ် ဖွန်လတွင် ကျင်းပမည့် SelectUSA Investment Summit 2022 တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရေးသည် အရေးကြီးပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

မြန်မာသံရုံးအနေနှင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပါကြောင်း၊ အမေရိကန်သည် မြန်မာနိုင်ငံ၏ ပို့ကုန်အများဆုံးတင်ပို့သည့် ဈေးကွက်များအနက် တစ်ခုဖြစ်သည့်အပြင် အမေရိကန်နိုင်ငံ၏ ရင်နှီးမြှုပ်နှံမှုသည် မြန်မာ့စီးပွားရေးတိုးတက်မှုအတွက် အရေးကြီးပါကြောင်း၊ အမေရိကန်စီးပွားရေးလုပ်ငန်းများသည် တာဝန်သိမှု၊ တာဝန်ခံမှုရှိကြပြီး အဆွေတော်ဆွေးနွေးသကဲ့သို့ ESG ကို အပြည့်အဝလိုက်နာဆောင်ရွက်သည်ကို သိရှိပါကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တည်တံ့ပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံအတွက် အကျိုးရှိမည့်သတင်းအချက်အလက်များ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပြပွဲများ၊ ဆွေးနွေးပွဲများအား မိမိတို့ထံ အသိပေးဖိတ်ကြားပေးစေလိုပါကြောင်း၊ SelectUSA Investment Summit 2022 တက်ရောက်နိုင်ရေးအတွက် မြန်မာ့စီးပွားရေးလုပ်ငန်းများအား အသိပေးအကြောင်းကြားထားပါကြောင်း၊ နှစ်နိုင်ငံအကျိုးရှိမည့်ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှုများရရှိရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

Source: ခင်မြမြထွေး-စီးပွားရေးသံမှူး

## ထိုင်းနိုင်ငံအစိုးရ ကော်မတီအနေဖြင့် e-commerce လုပ်ငန်းစီမံချက်မူကြမ်းကိုအတည်ပြုခြင်း

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ၎င်း၏ e-commerceဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၂၀၂၇ ခုနှစ်တွင် e-commerce မှနေ၍ ဝင်ငွေဘတ် ၇ ဒသမ ၁ ထရီလီယံကျော်ရရှိနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းထားပြီး နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၀ ရာခိုင်နှုန်းအထိတိုးမြှင့်သွားရန်ရည်မှန်းထားကြောင်းသိရှိရပါသည်။

၂၁.၄.၂၀၂၂ ရက်နေ့က ကျင်းပခဲ့သော ၂၀၂၂ ခုနှစ် e-commerce ကော်မတီအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည့် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Samalapa က အဆိုပါအဖွဲ့သည် အမျိုးသား e-commerce ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် ဒုတိယအဆင့် ၂၀၂၃-၂၀၂၇ ကိုအတည်ပြုခဲ့ကြောင်း၊ ပထမအဆင့်မှာ ၂၀၂၁-၂၀၂၂ အထိ ဖြစ်ကြောင်းသိရှိရပါသည်။

ပထမအဆင့်တွင် အစိုးရအနေဖြင့် ယခုနှစ်အတွက် e-commerce ဝင်ငွေကို ဘတ်ငွေ ၅ ဒသမ ၃၅ ထရီလီယံအထိ တိုးမြှင့်သွားရန်ရည်မှန်းခဲ့ကြကြောင်း၊ SMEs လုပ်ငန်းများ၏ e-commerce ဝင်ငွေကိုတစ်နှစ်လျှင် အနည်းဆုံး ၅ ရာခိုင်နှုန်း တိုးမြှင့်သွားရန်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ပနယ်စပ်ဖြတ်ကျော် e-commerce ဝင်ငွေကို အနည်းဆုံး ၅ ရာခိုင်နှုန်းတိုးမြှင့်ပေးရန်ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

အဆိုပါစီမံချက်သည် အစိုးရနှင့်ပုဂ္ဂလိကတို့အကြား e-commerce အချက်အလက်များကို ချိတ်ဆက်ပေးရန်မျှော်မှန်းသည့်အပြင်၊ တိုင်းပြည်၏ကြီးမားသောဒေတာအချက်အလက် Big Data analysis ဆန်းစစ်လေ့လာမှု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်မျှော်မှန်းထားကြောင်းသိရှိရပါသည်။

အဆိုပါအစီအစဉ်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှတစ်ဆင့် e-commerce အော်ပရေတာများကို တစ်နှစ်လျှင် အနည်းဆုံး(၁၀,၀၀၀) ဦးအထိ မှတ်ပုံတင်စေလိုကြောင်း သိရှိရပါသည်။ ပထမအဆင့်သည် ပြည်နယ်(၂၀)၊ ဝန်ကြီးဌာန (၈)ခုနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပေါင်းစည်းမှုကိုမြှင့်တင်သွားရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။ Electronic Transactions Development Agency ၏ အချက်အလက်များအရ ထိုင်းနိုင်ငံ၏ e-commerce တန်ဖိုးမှာ ၂၀၂၁ ခုနှစ်တွင်ဘတ်ငွေ ၄ ဒသမ ၀၁ ထရီလီယံရှိကြောင်း၊ ၎င်းမှာ၂၀၂၀ ခုနှစ်ကရှိခဲ့သော ၃ ဒသမ ၇၈ ထရီလီယံထက် ၆ ဒသမ ၀၈ ရာခိုင်နှုန်းတိုးခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက SMEs များအပါအဝင် ရပ်ရွာလူမှုအသင်းအဖွဲ့များ၊ လယ်သမားများ၏ကုန်သွယ်မှုယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်၍အားကောင်းအောင်စီစဉ်ထားပြီး မညီမျှမှုများကို လျှော့ချကာ အခြေခံလူတန်းစား စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရှိရပါသည်။ အွန်လိုင်းပလက်ဖောင်းများနှင့် စီးပွားရေးဆိုင်ရာတွေ့ဆုံမှုများမှတစ်ဆင့် BCG ဟုခေါ်သည့်ဇီဝ(Bio)၊ Circular နှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ဆိုင်ရာ ထုတ်ကုန်များအတွက် ဈေးကွက်ချဲ့ထွင်မှုမှနေ၍ ပြည်ပစားသုံးသူများ၏ ယုံကြည်မှုအကျိုးအမြတ်ရရှိ စေရေးမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့်အမျိုးသားပုံရိပ်ကိုတည်ဆောင်နိုင်ရေး အဓိကအာရုံစိုက်ထား ကြောင်း သိရှိရပါသည်။

စီမံကိန်း၏ဒုတိယအဆင့်တွင် လူအင်အား၊ နိုင်ငံသားများနှင့် ဒီဂျစ်တယ်စွန့်ဦးတီထွင်သူများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းထားကြောင်း၊ e-commerce ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေမည့် သဘာဝပတ်ဝန်းကျင် အဆင့်မြှင့်တင်ရေး၊ ယုံကြည်မှုများမြှင့်တင်ခြင်း၊ အွန်လိုင်းပလက်ဖေါင်းနှင့် ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများတွင် အွန်လိုင်းကုန်သွယ်မှုမြှင့်တင်ရေးတို့ပါဝင်ကြောင်းသိရှိရပါသည်။ Bangkok Post

Source: လွင်မျိုးဇော်– စီးပွားရေးသံမှူး

## ဂျပန်နိုင်ငံတဝှမ်း နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်လက်မှတ် ကြိုတင်မှာယူမှု များပြားလာခြင်းသည် လေကြောင်းလိုင်းများ ပြန်လည်ကောင်းမွန်လာသည့် လက္ခဏာဖြစ်ကြောင်းပြသ

လာမည့်ဧပြီလကုန်မှ မေလဆန်းအထိ ဂျပန်နိုင်ငံ၏ Golden Week အားလပ်ရက်ရှည် ကာလအတွင်း နိုင်ငံတကာ လေကြောင်းလိုင်းခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးမှာယူမှုများ မြင့်တက်လာခြင်းသည် လေကြောင်းလိုင်းများ အသုံးပြုကာ ခရီးသွားလာမှုကဏ္ဍတွင် အခြေအနေပြန်လည်ကောင်းမွန်လာခြင်းကို ပြသနေကြောင်း ဂျပန်လေကြောင်းလိုင်း ကုမ္ပဏီကြီးများ၏ ထုတ်ပြန်သောအချက်အလက်များအရ သိရပါသည်။

ပြီးခဲ့သည့် မတ်လအတွင်း ပြည်တွင်း၌ချမှတ်ထားသည့် အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါထိန်းချုပ်ရေး အရေးပေါ်အစီအမံများ ရုပ်သိမ်းခဲ့ပြီးနောက် ဧပြီလ ၂၉ ရက်နေ့မှ မေလ ၈ ရက်နေ့အထိ Golden Week အားလပ်ရက်ရှည် အတွင်းခရီးသွားလာရန် ပြည်တွင်းလေကြောင်း ခရီးစဉ်များတွင် ကြိုတင်မှာယူသူ ဦးရေသည် ၂,၂၁၇,၄၇၀ အထိရှိရာ ၆၅ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့ကြောင်းသိရပါသည်။

Japan Airlines များ၏ ပြည်တွင်းလေကြောင်းခရီးစဉ်များတွင် ကြိုတင်မှာယူမှုများသည် နှစ်ဆတိုးလာသည့်အတွက် ကူးစက်ရောဂါမပြန့်ပွားမီ ၂၀၁၉ ခုနှစ်တွင် ရှိခဲ့သည့် အနေအထား၏ ၇၅ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိလာခဲ့ပြီး ANA Holdings Inc. ၏ All Nippon Airways တွင် ကြိုတင်စာရင်းပေးသွင်းမှာယူမှုများမှာ ၄၆ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရပါသည်။

ထို့အပြင် ကမ္ဘာ့နိုင်ငံအတော်များများ၌ ကိုရိုနာကူးစက်ရောဂါထိန်းချုပ်ရေး ကန့်သတ်ချက် အစီအမံများ ဖြေလျှော့ပေးလိုက်သည့်အတွက် ဂျပန်နိုင်ငံ၏ Golden Week အားလပ်ရက်ရှည် ကာလအတွင်း နိုင်ငံတကာခရီးစဉ်များအတွက် လေယာဉ်လက်မှတ် မှာယူမှုများမှာ ၅ ဆနီးပါး မြင့်တက်သွားကြောင်း သိရပါသည်။

ဂျပန်နိုင်ငံနှင့် ဟာဝိုင်ယီဒေသအကြား Japan Airlines လေကြောင်းလိုင်းခရီးစဉ်များတွင် ကြိုတင်လက်မှတ် မှာယူမှုများသည် ကိုးဆတိုးလာကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများတွင် ကြိုတင်မှာယူမှုများ မြင့်တက်လာခြင်းသည် ပြည်ပလေကြောင်းလိုင်း ခရီးစဉ်များအခြေအနေကောင်းလာခြင်းကို ပြသနေကြောင်း Japan Airlines မှ တာဝန်ရှိသူမှ ဧပြီလ ၂၂ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ ရင်းမြစ်။ The Japan Times

Source: နန္ဒာဝင်း– စီးပွားရေးသံမှူး

## ဟောင်ကောင်ဒေသ၌ စားသောက်ကုန်များ မထုတ်လုပ်နိုင်သည့် အကြောင်းအရာများ

ဟောင်ကောင်ဒေသသို့ အခြားနိုင်ငံများမှ စားသောက်ကုန်များအား ပင်လယ်ရေကြောင်းလမ်း၊ လေကြောင်းလမ်း တို့မှ တင်သွင်းလာခြင်းအစား ဒေသနှင့်မိုင် ၁၀၀ အကွာအဝေးအတွင်း၌တည်ရှိသော စားသောက်ကုန်များအားသယ်ယူပါက ကာဗွန်ထုတ်လုပ်မှုအားလျှော့ချနိုင်ခြင်း၊ သိုလှောင်ထားစဉ်တွင် သစ်သီးများမှည့်သွားနိုင်မှုမရှိခြင်းနှင့် လတ်ဆတ်သော အစားအစာများစားသုံးခြင်းဖြင့် အာဟာရဓါတ်ပိုမိုရရှိ နိုင်ခြင်း၊ ပိုမိုကောင်းမွန်သည့် အရသာနှင့် ကျန်းမာရေးနှင့် ကိုက်ညီမှုရှိနိုင်သဖြင့် 100-mile diet" ကို လိုက်နာဆောင်ရွက်သင့်သည်ဟု အကြံပြုပြောကြားထားကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ဒေသအတွင်း၌ စိုက်ပျိုးထုတ်လုပ်သော စားသောက်ကုန်များကို ပိုမိုစားသုံးရန်လိုအပ်ကြောင်း၊ သို့သော် ဟောင်ကောင်ဒေသရှိ လူဦးရေ ၇ ဒသမ ၅ သန်းအတွက် စိုက်ပျိုးထုတ်လုပ်နိုင်သောမြေ လုံလောက်စွာမရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ထုတ် South China Moring Post သတင်းစာ၌ "Why the Local food movement connot work in Hong Kong" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းဆောင်ပါး၌ ဟောင်ကောင်ဒေသမြို့ပြနှင့် အလှမ်းဝေးသောနေရာများ၌ မြေမဲ့စိုက်ပျိုးသော ဟင်းသီး ဟင်းရွက်၊ ဆန်နှင့် စတော်ဘယ်ရီစိုက်ခင်း အသေးစားများနှင့် မြို့ထဲရှိ အိမ်ခေါင်မိုးများပေါ်တွင် စိုက်ပျိုးသောစိုက်ခင်းများသာ ရှိကြောင်း၊ သို့သော် လက်တွေ့တွင် အဆိုပါစိုက်ပျိုးသည့်ပမာဏမှာအများအပြားမရှိဘဲ လျော့ကျလျက်ရှိကြောင်း၊ အဆိုပါ စိုက်ခင်းများမှာ စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် မိသားစုလာရောက်အပန်းဖြေရန်အတွက် ပိုမိုကောင်းမွန်ရာ

စားသောက်ကုန်များလုံလောက်စွာအများအပြားရရှိရန်အဓိကအရင်းအမြစ်မဟုတ်ကြောင်း၊ ဒေသရှိအချို့သော စားသောက်ဆိုင်များနှင့် စာဖိုမှူးများမှာ သဘာဝစိုက်ခင်းများ စိုက်ပျိုးထားသော်လည်း စားသောက်ဆိုင်များ၌သာ ကာလတိုအတွင်း ရောင်းချရန်အတွက် စိုက်ပျိုးထားပြီး စီးပွားဖြစ်အများအပြားထုတ်လုပ်ရောင်းချရန် လုံလောက်မှုမရှိကြောင်း၊ ဟင်းသီးဟင်းရွက်များအပြင် အမဲသားနှင့်ဝက်သား အနည်းငယ်အားထုတ်လုပ်သော်လည်း ဝက်နှင့်နွားကောင်ရေ အရှင်အရေအတွက်မှာ ရှားပါးလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ဒေသအတွင်း၌ ထုတ်လုပ်သော စားသောက်ကုန်များကို အဓိကထား စားသုံးရန်မှာ မဖြစ်နိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ဟောင်ကောင်ဒေသသို့ တင်သွင်းသော ကုန်ပစ္စည်းများ ပြတ်လပ်ခဲ့မှုကြောင့် ဒေသအနေဖြင့် သွင်းကုန်များအပေါ် မှီခိုအားထားနေရသည်ကို ပြသလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ကမ္ဘာတစ်ဝန်းမှ ကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိရာ ပြင်သစ်၊ အီတလီ၊ လက်တင်အမေရိကနှင့် တောင်အာရှတို့မှ တင်သွင်းလျက်ရှိကြောင်း၊ ထို့ပြင် မလေးရှားနိုင်ငံမှ ဒူးရင်းသီးအများအပြား တင်သွင်းလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံမှလည်း တင်သွင်းလျက်ရှိကြောင်း၊ ဝီစကီကိုလည်း စကော့တလန်၊ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ တင်သွင်းလျက်ရှိကြောင်း၊ မက္ကစီကိုနိုင်ငံမှ ထောပတ်သီး၊ အိန္ဒိယနိုင်ငံမှ သရက်သီးနှင့် သြစတြေးလျနိုင်ငံရှိ တက်စမေးနီးယားကျွန်းမှ ချယ်ရီသီးများ တင်သွင်းလျက်ရှိကြောင်း၊ ဒေသတွင်း၌ထုတ်လုပ်သည့် စားသောက်ကုန်များစားသုံးရန်မှာ အကြံကောင်းဖြစ်သော်လည်း ဟောင်ကောင်ဒေသအတွက် လက်တွေ့ကျမှုမရှိကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: အေးသီးခိုင်- စီးပွားရေးသံမှူး

## တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် တောင်ပိုင်းသြစတြေးလျ ဝိုင်လုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိခြင်း

သြစတြေးလျတောင်ပိုင်းရှိ ဝိုင်လုပ်ငန်းကဏ္ဍသည် အထွက်နှုန်းနည်းပြီး ဈေးနှုန်းနိမ့်ကျလျက်ရှိသော်လည်း ပြင်းထန်မှုမရှိသည့် နွေရာသီကြောင့် ယခုနှစ် စပျစ်သီးအရည်အသွေးမှာ အလွန်ကောင်းမွန်ကြောင်း စိုက်ပျိုးသူများက ပြောကြားခဲ့သည်။

Riverland သည် တစ်နိုင်ငံလုံးထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး၊ စိုက်ပျိုးသူ ၉,၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။ သိုလှောင်မှုပြတ်လပ်ခြင်းနှင့် ကုန်စည်ပို့ဆောင်မှုပြဿနာများကို ယခုရာသီတွင်လည်း ဆက်လက်ကြုံတွေ့ခဲ့ရပြီး၊ စိုက်ပျိုးသူများသည် အလွန်နိမ့်ကျ သောဈေးနှုန်းဖြင့် ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ ပုံမှန်အားဖြင့် ပြုပြင်ထုတ်လုပ်ရန် အဆင်သင့်ဖြစ်သော စပျစ်သီးများကို လက်ဝယ်သိုလှောင်ထားပြီး ထောက်ပံ့ရေး ကွင်းဆက်တွင်နေရာရရှိသည်အထိ စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ စပျစ်အနီရောင်မျိုးစိတ်များတွင် ဈေးနှုန်းသိသာစွာကျဆင်းသွားပြီး၊ အဖြူရောင်မျိုးစိတ်များတွင် အနည်းငယ်သာ ကျဆင်းခဲ့သည်။

သြစတြေးလျဝိုင် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတစ်ခုလုံးသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးအငြင်းပွားမှု၏ နောက်ဆက်တွဲပြဿနာများကို ဆက်လက်ကိုင်တွယ် ဖြေရှင်းလျက်ရှိသည်။ ယခင်က နိုင်ငံတွင်းထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံအတွက် လျာထားခဲ့သည်။ တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ပင်မှုအကျိုးဆက်မှာ ဆက်လက်ကျယ်ပြန့်လျက်ရှိနေသည်။ ဝိုင်လုပ်ငန်းကဏ္ဍအချို့မှာ တရုတ်ဈေးကွက်ကိုဦးတည်၍ တင်ပို့လျက်ရှိရာ တရုတ်နိုင်ငံ၏ တန်ပြန်စုပုံတင်သွင်းခွန်များကြောင့် လက်ရှိတွင် ဈေးကွက်ပိတ်ခံရသည့် အနေအထားသို့ ရောက်ရှိနေသည်မှာ (၂) နှစ်နီးပါးကြာမြင့်နေပြီဖြစ်ကြောင်း သိရှိရသည်။ Source: www.abc.net.au

Source: ရှင်စောသု-စီးပွားရေးသံမှူး

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ရေထွက်ပစ္စည်းတင်ပို့မှုတွင် မြန်မာနိုင်ငံ၏ နောက်ဆုံး Check Point ဖြစ်သည့် ကော့သောင်း Check Point မှ အများဆုံးတင်ပို့ထားကြောင်းသိရ

ရေထွက်ပစ္စည်းတင်ပို့မှုအပိုင်းတွင် မြန်မာနိုင်ငံ၏နောက်ဆုံး Check Point ဖြစ်သည့် ကော့သောင်း Check Point မှ အများဆုံးတင်ပို့ထားနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။ ရေထွက်ပစ္စည်းတင်ပို့ရာတွင် လိုင်းဖြူဟုခေါ်သော ငါးသယ်လှေများကိုအသုံးပြုပြီး ထိုင်းနိုင်ငံ ရနောင်းမြို့သို့ အဓိကတင်ပို့ပေးနေရကြောင်း သိရသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ရေထွက်ပစ္စည်းများအပြင် မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းဒေသများမှ ထွက်ရှိသည့် ရေထွက်ပစ္စည်းများကိုလည်း ကော့သောင်း Check Point ၌ အစစ်ဆေးခံကာ ပို့ဆောင်ပေးနေကြောင်း သိရသည်။

"လိုင်းဖြူကို ကျွန်တော်တို့က ကော့သောင်းကနေ သွားထွက်ရတဲ့အတွက် အဲဒီမှာ Invoice ဖွင့်ရတယ်။ ဒေါ်လာ ဆောင်ရတဲ့လုပ်ငန်းတွေလုပ်ရတယ်။ မြိတ်က ဖမ်းဆီးရတဲ့ကုန်တွေဖြစ်ပေမဲ့ ကော့သောင်းမှာသွားဝင်တာဖြစ်တယ်။ တစ်တိုင်းလုံး

အနေနဲ့ဆိုရင် ဒေါ်လာသန်း ၃၀၀ လောက်ရှာဖွေပေးနိုင်တယ်။ ကော့သောင်းက စာရင်းအရဆိုရင် တင်ပို့နိုင်တဲ့ အခေါက်ရေ က ထောင်နဲ့ချီပြီးရှိပါတယ်။ ကျွန်တော်တို့ဆီကဆိုရင် အခေါက်ရေအားဖြင့် ၃၀ လောက်ပဲ သွားနိုင်တဲ့သဘောမျိုးဖြစ်နေတယ်” ဟု မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းဦးက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ရေထွက်ကုန်တင်ပို့မှုအပိုင်းမှ ဒေါ်လာသန်း ၃၀၀ ကျော် ရှာဖွေပေးခဲ့ရာတွင် ကော့သောင်း Check Point မှ အများဆုံးဖြစ်နေကြောင်း သိရသည်။ မူအရ မြန်မာနိုင်ငံ၏နောက်ဆုံး Check Point တွင် ထပ်မံအစစ်ဆေးခံရမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များမှာ ကော့သောင်းတွင်သာ အစစ်ဆေးခံကာ တင်ပို့လျက်ရှိကြောင်း သိရသည်။ “ကော့သောင်း FOB အနေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းက ရေထွက်ပစ္စည်းတွေကို တင်ပို့ပေးတာရှိသလို ရခိုင်၊ ဧရာဝတီ၊ မွန်ဘက်က ငါးဖမ်းလှေတွေဆီက သွားယူပြီး ပို့ပေးရတာမျိုးလည်း ရှိပါတယ်။ ပို့ကုန်တန်ဖိုးကတော့ အမေရိကန်ဒေါ်လာသန်း ၁၆၀ ဒသမ ၃၄၇၉ ရှိပါတယ်။ ဘတ်ဂျက် ခြောက်လအတွင်းမှာ ဖြစ်ပါတယ်။ ၁၀ လပိုင်းကနေ ၃ လပိုင်းအထိဖြစ်တယ်။ အဲဒီဘက်ကနေ ထိုင်းနိုင်ငံ ရနောင်းမြို့ကို သွားတာများပါတယ်” ဟု ကော့သောင်းခရိုင် ငါးလုပ်ငန်း ဦးစီးမှူး ဦးတင်ထွဋ်က ပြောကြားသည်။

ယခုဧပြီလမှစတင်ပြီး ငါးသားပေါက်ရာသီ ငါးဖမ်းဆီးခွင့်ပိတ်လိုက်ပြီဖြစ်သည့်အတွက် တင်ပို့မှုအပိုင်းတွင် လျော့နည်းသွားမည်ဖြစ်ကြောင်းသိရသည်။ ရာသီဥတုအခြေအနေများနှင့် ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးမှု လျော့နည်းလာမှုကြောင့် ပြီးခဲ့သည့် ခြောက်လဘတ်ဂျက်နှင့် ယခုနှစ် ခြောက်လဘတ်ဂျက် နှိုင်းယှဉ်မှုအရ ကုန်ချိန် ၂၈၀၀၀ ကျော်လျော့နည်းပြီး တင်ပို့မှုအပိုင်းတွင်လည်း အမေရိကန်ဒေါ်လာတစ်သန်းကျော် လျော့နည်းခဲ့ကြောင်း သိရသည်။

Source: https://news-eleven.com/article/229167

## ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် ကာလအတွင်း ဝင်ရောက်ခြင်း မရှိပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်အား ပိတ်သိမ်းမည်

ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို ဗဟိုဘဏ်မှထုတ်ပြန်ထားသည့်ကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အား ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း ဧပြီ ၂၇ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃) လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက်ထည့်သွင်းရမည်ဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်းပါရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင် ရွက်ခဲ့ခြင်းမရှိသည့် ၂၀၁၆ ခုနှစ်တွင် ပို့ကုန်လုပ်ငန်း ဆောင်ရွက်ခဲ့သောကုမ္ပဏီ (၁၂) ခု၊ ၂၀၁၇ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက် ခဲ့သောကုမ္ပဏီ (၇၂) ခု၊ ၂၀၁၈ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၉၃) ခု၊ စုစုပေါင်းကုမ္ပဏီ (၁၇၇) ခုအား ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်း၍ အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့ကြောင့် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသောကာလအတွင်း ဝင်ရောက်ခြင်းမရှိပါက ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။ အလားတူ ဧပြီ ၂၇ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် ပတ်သက်ပြီး ထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက်စွဲပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁) တို့အရ “နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပို့ကုန်အမှန်တကယ်တင်ပို့ခဲ့သည့် ပို့ကုန်တင်ပို့သည့် အထောက်အထားများအရ ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ (၃) လအတွင်း ပို့ကုန်တင်ပို့သူများက ပို့ကုန်ရငွေများလက်ခံရရှိခြင်း ရှိ/မရှိကို စိစစ်ရမည်” ဟု ပြဋ္ဌာန်းသတ်မှတ်ထားပြီး အဆိုပါဥပဒေနှင့် စည်းမျဉ်းအရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃) လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်းရန် ပြဋ္ဌာန်းသတ်မှတ်ထားကြောင်း သိရသည်။

သို့သော် ပို့ကုန်တင်ပို့သူများအနေဖြင့် အထက်အပိုဒ်ပါ ဥပဒေ၊ စည်းမျဉ်းနှင့် စည်းမျဉ်းပြင်ဆင်ချက်တို့အား လိုက်နာရန် ပျက်ကွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိကြောင်းထုတ်ပြန်ချက်တွင်ပါရှိသည်။ ထို့ကြောင့် ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းတို့တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း ပို့ကုန်ရငွေများအားလုံးကို ပို့ကုန်တင်ပို့သည့်နေ့မှ (၃) လအတွင်း နိုင်ငံတော်အတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၂ က အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

Source: https://news-eleven.com/article/229629

# ပြည်ပကုန်သွယ်မှုသတင်း

## တရုတ်ငွေကြေး ယွမ်ကို နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် ပေးချေရန် ပထမအဆင့် လုပ်ဆောင်နေပြီး တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများတွင် ဆက်လက်လုပ်ဆောင်မည်

တရုတ်ငွေကြေးယွမ်ကို နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင်ပေးချေရန် ပထမအဆင့်လုပ်ဆောင်နေပြီး တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများတွင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြောကြားသည်။

တရုတ်ငွေကြေး RMB ကို နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် အသုံးပြုပေးချေနိုင်ရန် ပထမအဆင့် လုပ်ဆောင်လျက်ရှိကြောင်း၊ တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများတွင်အသုံးပြုရန် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို မြန်မာနိုင်ငံကတင်ပို့ပြီး တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းနေကြောင်း၊ မြန်မာက လုပ်သားအင်အားရှိပြီး တရုတ်နိုင်ငံက နည်းပညာနှင့် ငွေကြေးအရင်းအနှီးရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံအကျိုးကျေးဇူးများခံစားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနှင့် အာဆီယံနိုင်ငံများအပါအဝင် အနာဂတ်အာရှစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် တရုတ်နိုင်ငံသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပါကြောင်း၊ အာဆီယံကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောတစ်ဖြစ်လဲ ပို့ကုန်အများစုကို တရုတ်နိုင်ငံက ဝယ်ယူနေခြင်းဖြစ်ကြောင်း ဦးအောင်နိုင်ဦးက ပြောကြားသည်။

ထို့ပြင် အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြောင့် မြန်မာ့စီးပွားရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ယင်းအရေးယူပိတ်ဆို့မှုများသည် အစိုးရအပေါ်သက်ရောက်မှုမရှိကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအပေါ်သာ သက်ရောက်မှုရှိကြောင်း၊ အမေရိကန်ဒေါ်လာကို အလွယ်တကူသုံးစွဲမရခြင်း၊ ငွေလွှဲလုပ်မရခြင်း၊ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲပေါ်ခြင်း၊ ယင်းအရေးယူပိတ်ဆို့မှုကြောင့် အချို့စက်ရုံများပိတ်သိမ်းသွားခြင်း၊ ထိုသို့ပိတ်သိမ်းခြင်းကြောင့် မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရခြင်းများရှိကြောင်း၊ အစိုးရအတွက် ဘာမှုမဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည့်ပြင်ဆင်မှုများ ကြိုတင်စဉ်းစား ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ပိတ်ဆို့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုပိုမိုကောင်းမွန်လာကြောင်း ဦးအောင်နိုင်ဦးက ဆက်လက်ပြောကြားသည်။

Source: https://news-eleven.com/article/229517

## တရုတ်နိုင်ငံ၏ တင်းကြပ်သည့် ကျန်းမာရေးစည်းမျဉ်းများကြောင့် တောင်သူများ သရက်တင်ပို့ရန် အခြေအနေ စောင့်ကြည့်နေရ

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ တရုတ်နိုင်ငံဘက်မှ တင်းကြပ်သည့် ဥပဒေများဖြင့် မကြာခဏဂိတ်ပိတ်ခြင်း၊ သစ်သီးများ ကိုဗစ်ရောဂါပိုး ပါဝင်သည်ဟု စစ်ဆေးတွေ့ရှိပါက ကားတစ်စီးလုံးနီးပါး ဖျက်ဆီးပစ်ခြင်းတို့ကြောင့် စိန်တစ်လုံးသရက် တင်ပို့မှုကို လက်တလောတွင် စောင့်ကြည့်နေရဆဲဖြစ်ကြောင်း ခွာညိုသစ်သီးပွဲရုံ၏ မန်းနေးဂျင်းဒါရိုက်တာ ဦးစိုင်းခင်မောင်က ဆိုသည်။

"ဖရဲသခွားပို့ကုန်တွေမှာ ပိုးတွေ့လို့ဆိုပြီး တဖက်ကဖျက်ဆီးပစ်ခဲ့တဲ့ သာဓကတွေရှိခဲ့လို့ ကြိုတင်သတိပေး ရတာပါ။ ပိုးစစ်တဲ့ Test missions က မြန်မာဘက်မှာ ရွှေလွယ်အင်၊ တရုတ်ဘက်က အကောက်ခွန်မတိုင်ခင်နဲ့ရောင်းချပြီး ပြည်ပ မပို့ခင်အချိန်၊ နေရာတွေပါ။ တရုတ်ဘက်ပိုးတွေ့ရင်တော့ သရက်သီး တရုတ်ကားတစ်စီး အနည်းဆုံးတန် ၂၀ အများဆုံး ၂၈ တန်ကတော့ အဟောသိကံပါဘဲ။ ကုန်သည်မတူ တွဲထားတဲ့ခြင်းဆိုရင်လည်း တစ်ခြင်းတွေ့ရင် တစ်စီးစာမြေမြှုပ်ပစ်တာပါ။ စွန့်စား

ရတာကြိုက်တယ်၊ စိန်ခေါ်မှုသည် အခွင့်အလမ်းတစ်ရပ်လို့ အမြင်ရှိသူတွေကို တရုတ်ဈေးကွက်ထဲ အရောက်ပို့ပေးမှာပါ။ ကြာမြင့်ချိန်ကြောင့် သစ်သီးရဲ့ခံနိုင်ရည်ကိုတော့ မည်သူမျှအာမမခံနိုင်။ ရောင်းတန်းဝင်တဲ့ပစ္စည်းမှ ယွမ်ငွေဖြစ်မှာပါ"ဟု ၎င်းက လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

ယခုရာသီသည် စိန်တစ်လုံးသရက်သီးများ နယ်စပ်တင်ပို့ရောင်းချသည့် ရာသီဖြစ်သော်လည်း ယခုနှစ်တွင် အစောပိုင်းက ဖရဲ၊ သခွား တောင်သူများတင်ပို့ခဲ့မှုများကို လေ့လာကာ စိန်တစ်လုံးသရက်ကို မတင်ပို့သေးဘဲ အခြေအနေကို စောင့်ကြည့်နေကြကြောင်း ၎င်းကဆက်၍ဆိုသည်။

စိန်တစ်လုံးသရက်မျိုးသည် ဈေးကွက်အရောက်ရက်ရှည်ထားသိုရန်မဖြစ်သည့် ကုန်အမျိုးအစားဖြစ်သဖြင့် ကုန်သွယ်မှု ကြာချိန်၊ သယ်ယူပို့ဆောင်စရိတ်၊ ကုန်ကျစရိတ်များကြောင့် တောင်သူအများစုမှ ပြည်တွင်းဈေးကွက်မှာသာရောင်းချရန် စိတ်အားထက်သန်ကြောင်း သိရသည်။

သရက်သီးကားများကို Green channel ဦးစားပေး လွှတ်ပေးရန် တရုတ်ဘက်နှင့် ညှိနှိုင်းမှုသည် အဖြေမရရှိသေးဘဲ တရုတ်ဝမ်တိန်၊ ချန်ဟော့ အရောင်းဈေးကွက်သည်လည်း ကန့်သတ်ချက်များကြောင့် သရက်သီးဈေးတန်းနေရာ စီစဉ်နိုင်ခြင်း မရှိကြောင်း သိရသည်။ Source: [http://sdtimedaily.com/](http://sdtimedaily.com/)

## မှျစ်ခြောက်၊ မှျစ်ချိုု မှျစ်ဆားရည်စိမ်များကို တန်ဖိုးမြှင့်စားသောက်ကုန်များထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့တင်ပို့နိုင်ရန်စီစဉ်

မှျစ်ခြောက်၊ မှျစ်ချို၊ မှျစ်ချဉ်၊မှျစ်ဆားရည်စိမ်များကို တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့တင်ပို့နိုင်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောပြ၍ သိရသည်။ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းအနေဖြင့် နိုင်ငံတစ်ဝန်းဝါးစိုက်ပျိုးသူများ၏ လူမှုစီးပွားဘဝတိုးတက်စေရန် ရည်ရွယ်၍ မှျစ်ချဉ်အပါအဝင် မှျစ်စားသောက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်တိုးချဲ့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးကာလဖြစ်သည့် ဇူလိုင်လမှစတင်ကာနေပြည်တော်ပြည်ထောင်စုနယ်မြေအနီးဝန်းကျင်ရှိ ဝါးစိုက်ပျိုးသူများနှင့် ပူးပေါင်း၍ မှျစ်ခြောက်၊ မှျစ်ချို၊ မှျစ်ချဉ်၊ မှျစ်ဆားရည်စိမ်များကိုတန်ဖိုးမြှင့် စားသောက်ကုန်များထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံမှာ ဇူလိုင်လ၊ ဩဂုတ်လဆိုရင် မှျစ်ကတစ်ပြိုင်တည်းပေါ်လာတဲ့အတွက် ရောင်းအားများနေတဲ့သဘော ရှိလို့ဈေးကွက်အနေအထားမှာဝါးစိုက်သူတွေအတွက် ထင်သလောက်ဈေးမရကြတာတွေ့ရပါတယ်။ ဒါကြောင့် တစ်နှစ်ပတ်လုံး ရောင်းချနိုင်အောင် မှျစ်ကို ကြာကြာအထားခံမဲ့နည်းပညာနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေထုတ်နိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ ဖြန့်ဝေတာကို ဆောင်ရွက်နေပါတယ်။ မှျစ်ကို ပေါ်ဦးပေါ်ဖျားမှာ ဈေးပေါပေါနဲ့ ရောင်းမဲ့အစား ကြာရှည်အထားခံပြီး တစ်နှစ်ပတ်လုံးရောင်းချနိုင်မဲ့ မှျစ်ချို၊ မှျစ်ချဉ်၊ မှျစ်ဆားရည်စိမ်တွေကို ထုတ်လုပ်ရောင်းချနိုင်ဖို့ဖြစ်ပါတယ်။ အဓိကအားဖြင့် ပြည်တွင်းဈေးကွက်မှာ ဈေးကွက်ရထားတာက ပဲခူးမှျစ်ချဉ်ပါ။ ပဲခူးမှျစ်ချဉ်လို အရသာရှိတဲ့ စစ်တောင်းမှျစ်ချဉ်ကို ဈေးကွက်မိတ်ဆက် ထုတ်လုပ်ဖို့လဲရှိပါတယ်။ နောက်မှျစ်ချိုဆိုရင် နေပြည်တော်ပြည်ထောင်စုနယ်မြေအနီးဝန်းကျင်မှာ ထုတ်လုပ်နိုင်ဖို့ အခြေအနေရှိတဲ့အတွက် မှျစ်ချိုကိုလဲ တိုးမြှင့်ထုတ်လုပ်သွားဖို့ရှိပါတယ်ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌဦးကျော်ဝင်းက ပြောပြသည်။ မှျစ်သည် ပြည်ပနိုင်ငံများတွင် အာဟာရကြွယ်ဝသည့် စားသောက်ကုန်အဖြစ် သတ်မှတ်ကာအဓိက စားသုံးကြသည့် အတွက် ၎င်းဈေးကွက်ကို မျှော်မှန်းထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြည်ပဈေးကွက်အတွက် မျှော်မှန်းထုတ်လုပ်ရာတွင် အရေးကြီးသည့်ထုတ်လုပ်မှုနည်းစနစ်ကို ဝါးစိုက်ပျိုးသူများထံ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

Source:[https://yadanarbonnews.com/index.php/dailynews/localnews/item/2337-2022-04-28-04-41-37](https://yadanarbonnews.com/index.php/dailynews/localnews/item/2337-2022-04-28-04-41-37)

# အထူးဆောင်းပါးများ

## အိန္ဒိယ-ဩစတြေးလျ နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုး

အိန္ဒိယနှင့် ဩစတြေးလျ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုသဘောတူညီချက် (Economic Cooperation and Trade Agreement - ECTA) ကို ၂-၄-၂၀၂၂ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ပီယွတ်ဂိုယယ်နှင့် ဩစတြေးလျ ကုန်သွယ်မှု၊ ခရီးသွားလာမှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ဒန်တယ်ဟန်တို့က ဗွီဒီယို ကွန်ဖရင့်စနစ်ဖြင့် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့သော အဆိုပါသဘောတူညီချက်သည် ကုန်စည်ကုန်သွယ်မှု၊ ဝန်ဆောင်ကုန်သွယ်မှု၊ ပင်ရင်း

နိုင်ငံစည်းမျဥ်း၊ ကုန်သွယ်မှုဆိုင်ရာနည်းပညာအတားအဆီးများ၊ အပင်နှင့်တိရစ္ဆာန်ကျန်းမာရေးနှင့်ရောဂါပိုးမွှား ကာကွယ်ရေး ဆောင်ရွက်မှုများ၊ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာများ၊ လူပုဂ္ဂိုလ်များဝင်ထွက်သွားလာမှု၊ တယ်လီကွန်ဆက်သွယ်မှု၊ အကောက်ခွန်လုပ်နည်းစနစ်များ၊ ဆေးပစ္စည်းကိရိယာများနှင့် အခြားသောပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း နယ်ပယ်များကို လွှမ်းခြုံမှုရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သဘောတူညီချက်အား စတင်အကောင်အထည်ဖော်ချိန်တွင် သြစတြေးလျနိုင်ငံဘက်မှ အကောက်ခွန်လိုင်းများ၏ ၉၈ ရာခိုင်နှုန်းကို သွင်းကုန်အခွန် သုညရာခိုင်နှုန်းသို့ လျော့ချပေးမည်ဖြစ်ရာ အိန္ဒိယပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၉၆ ဒသမ ၄ ရာခိုင်နှုန်းခန့်သည် လက်ငင်းအကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။ လက်ရှိကာလ၌ အိန္ဒိယမှ သြစတြေးလျသို့ တင်ပို့လျက်ရှိသော လုပ်သားအင်အားအခြေပြုထုတ်ကုန်များဖြစ်သည့် အထည်အလိပ်၊ သားရေထည်၊ ခြေနင်းအသုံးအဆောင်များ၊ ပရိဘောဂ နှင့် အားကစားပစ္စည်း၊ လက်ဝတ်ရတနာ၊ အချို့သောဆေးနှင့်ဆေးပစ္စည်းများ၊ အနည်းငယ်မျှသော လယ်ယာနှင့် ရေထွက်ကုန်စည်များသည် သွင်းကုန်အခွန် ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းခန့် ပေးဆောင်ရလျက်ရှိသည်။ အိန္ဒိယ ပို့ကုန်တန်ဖိုး၏ ၃ ဒသမ ၆ ရာခိုင်နှုန်းရှိသော ကျန်ရှိသည့် အကောက်ခွန်လိုင်း ၁၁၃ ခုကိုမူ ၅ နှစ် ကာလအတွင်း အဆင့်အလိုက် သုည ရာခိုင်နှုန်းအထိ သြစတြေးလျနိုင်ငံဘက်မှ လျော့ချသွားမည်ဖြစ်သည်။

အခြားတစ်ဘက်တွင် သြစတြေးလျနိုင်ငံထံမှ တင်သွင်းသည့် သိုးမွေးအထည်၊ သိုးသား၊ ကျောက်မီးသွေး၊ အလူမီနီယံ၊ သတ္တုတွင်းထွက်များအပါအဝင် ကုန်ကြမ်းနှင့် အလယ်အလတ်အဆင့် ကုန်ချောများအား လွှမ်းခြုံမည့် အကောက်ခွန်လိုင်း ၇၀ ရာခိုင်နှုန်းကို အခွန်သုညရာခိုင်နှုန်းအထိ အိန္ဒိယနိုင်ငံဘက်မှ လျော့ချပေးမည်ဖြစ်သည်။ သို့ဖြစ်ရာ သြစတြေးလျလုပ်ငန်းရှင်များအနေဖြင့် လက်ရှိ အိန္ဒိယသို့တင်ပို့လျက်ရှိသော စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၈၅ ရာခိုင်နှုန်းခန့်အား အခွန်သက်သာခွင့် လက်ငင်းရရှိမည်ဖြစ်သည်။ ထောပတ်သီး၊ ကြက်သွန်နီ၊ ချယ်ရီသီး၊ ဘယ်ရီသီး၊ မက္ကဒေးမီးယား၊ သီဟိုဠ်စေ့ အစရှိသော ကုန်စည်များ၏ အကောက်ခွန်နှုန်းများကို ၁၀ နှစ်အတွင်း အိန္ဒိယဘက်မှ ဆက်လက်လျော့ချပေးမည်ဖြစ်သည်။ သြစတြေးလျ ဝိုင်အရက်များအပေါ် အခွန် သုည ရာခိုင်နှုန်းအထိ လျော့ချရန်မရှိသော်လည်း အတိုင်းအတာတစ်ခုအထိ အခွန်လျော့ချပေးမည် ဖြစ်သည်။

ဝန်ဆောင်ကုန်သွယ်မှုတွင် သတင်းအချက်အလက်နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှုများလွှမ်းခြုံပါဝင်မည့် ကဏ္ဍခွဲ ၁၃၅ ခုနှင့် အထူးအခွင့်အရေးပေး MFN နိုင်ငံစာရင်းပါ ကဏ္ဍခွဲ ၁၂၀ ခုတို့၌ သက်သာခွင့်များအား သြစတြေးလျနိုင်ငံဘက်မှ အိန္ဒိယလုပ်ငန်းရှင်များသို့ ပေးအပ်မည်ဖြစ်သည်။ ယခုသဘောတူညီချက်အရ နှစ်နိုင်ငံအကြား အသက်မွေးဝမ်းကျောင်း ပညာကျွမ်းကျင်မှု၊ လိုင်စင်ထုတ်ပေးမှုနှင့် မှတ်ပုံတင်လုပ်ငန်းစဥ် ဆောင်ရွက်မှုများကို အပြန်အလှန် အသိအမှတ်ပြုသည့်စနစ်ဖြင့် အိန္ဒိယကျောင်းသားများအနေဖြင့် ၂ နှစ်မှ ၄ နှစ်အထိ သက်တမ်းရှိသောအလုပ်နှင့် တွဲလျက် ပညာသင်ဗီဇာကို ရရှိနိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံဘက်ကမူ စီးပွားရေး၊ ဆက်သွယ်ရေး၊ တည်ဆောက်ရေးနှင့် အင်ဂျင်နီယာပညာဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအား လွှမ်းခြုံမှုရှိမည့်ကဏ္ဍခွဲ ၁၀၃ ခုနှင့် အထူးအခွင့်အရေးပေး MFN နိုင်ငံ စာရင်းပါ ကဏ္ဍခွဲ ၃၁ ခု တို့အတွက် သြစတြေးလျလုပ်ငန်းရှင်များ၏ အိန္ဒိယဈေးကွက်သို့ ဝင်ရောက်မှုအပေါ် သက်သာခွင့်များ ပေးအပ်မည်ဖြစ်သည်။

အိန္ဒိယနှင့် သြစတြေးလျနှစ်နိုင်ငံအကြား လွတ်လပ်စွာကုန်သွယ်မှုပြုရန် ညှိနှိုင်းဆွေးနွေးမှုများမှာ ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သော်လည်း သြစတြေးလျ၏ နို့နှင့်နို့ထွက်ပစ္စည်းများအား အိန္ဒိယဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုရေးနှင့် အိန္ဒိယ ကျွမ်းကျင်ပညာရှင်များအား သြစတြေးလျနိုင်ငံသို့ ပြည်ဝင်ဗီဇာ လျော့ပေါ့ပေးရေးကိစ္စရပ်များတွင် စေ့စပ်ညှိနှိုင်းနိုင်မှုမရရှိပဲ ဆွေးနွေးပွဲများအား ၂၀၁၅ ခုနှစ်၌ ရပ်ဆိုင်းထားခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် နှစ်ဘက် ဆွေးနွေးမှုများ ပြန်လည်စတင်ခဲ့ပြီး ၆ လခန့်အကြာ၌ ECTA သဘောတူညီချက်ကို လက်မှတ်ရေးထိုး နိုင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏နို့ထွက်ပစ္စည်းလုပ်ငန်းကဏ္ဍအား ယခု လွတ်လပ်စွာကုန်သွယ်မှုစာချုပ်ရှိ မည်သည့် အခွန်လျော့ချမှု အစီအစဥ်တွင်မျှ ပါဝင်ခြင်းမရှိစေရန် အပြည့်အဝကာကွယ်ထားရှိပြီး ကုလားပဲ၊ သစ်ကြားသီး၊ ပစ်စတာချို သစ်ဆိမ့်သီး၊ ဆန်၊ ဂျုံ၊ ပုလဲနံ့စားပြောင်း၊ ပန်းသီး၊ နေကြာဆီ၊ သကြားစသည့် လယ်ယာထွက်ကုန်များကိုလည်း အထိခိုက် မခံသော အရေးကြီးကုန်စည်စာရင်း၌ ထည့်သွင်းလျက် ချန်လှပ်ထားရှိကြောင်းသိရှိရသည်။ အခွန်လျော့ချပေးမည် မဟုတ်သော ၎င်းစာရင်း၌ပါဝင်သည့် အခြားကုန်စည်များမှာ ငွေ၊ ပလက်တီနမ်၊ လက်ဝတ်ရတနာ၊ သံသတ္တုရိုင်းနှင့် ဆေးပစ္စည်း ကိရိယာများ ဖြစ်ကြသည်။

ECTA စာချုပ်အား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်အဆင့်သို့ တိုးမြှင့်နိုင်ရေး ယခုလက်မှတ် ရေးထိုးပြီးချိန်မှ ၇၅ ရက်အတွင်း နှစ်နိုင်ငံဘက်မှကိုယ်စားလှယ်များပါဝင်သည့် ဆပ်ကော်မတီအား ဖွဲ့စည်းလျက် စာချုပ်၌ ပါဝင်ခြင်းမရှိသေးသော ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ ဈေးကွက်ဝင်ရောက်မှုကိစ္စများ၊ ဒီဂျစ်တယ် ကုန်သွယ်မှုလုပ်ငန်းများနှင့် အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်ညှိနှိုင်း ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထိုသို့ ညှိနှိုင်းသဘော

တူညီချက်ရရှိပါက အိန္ဒိယကုမ္ပဏီများအနေဖြင့် ဩစတြေးလျနိုင်ငံရှိ အစိုးရ၏ဝယ်ယူရေးလုပ်ငန်းများတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်အထိ ဈေးကွက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်းဖြင့် ဌာနဆိုင်ရာ အရင်းအမြစ်များအား ကိုးကားလျက် Economic Times သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယနိုင်ငံသည် ဩစတြေးလျ၏ နဝမမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး ဩစတြေးလျနိုင်ငံသည်လည်း အိန္ဒိယ၏ ၁၇ ခုမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ပါသည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန၏စာရင်းများအရ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဩစတြေးလျနိုင်ငံနှင့် ကုန်စည်ကုန်သွယ်မှုမှာ ပို့ကုန်၌ အမေရိကန် ဒေါ်လာ ၆ ဒသမ ၃၃၃ ဘီလီယံနှင့် သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံရှိကြောင်း တွေ့ရှိရပါသည်။ လက်ရှိကာလ၌ အိန္ဒိယ- ဩစတြေးလျ နှစ်နိုင်ငံကြား ကုန်စည်နှင့်ဝန်ဆောင်မှု နှစ်ရပ်ပေါင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိ ကန်ဒေါ်လာ ၂၇ ဒသမ ၅ ဘီလီယံခန့် ရှိပြီး ရှေ့လာမည့် ၅ နှစ်တာကာလအတွင်း ၂ ဆတိုးမြှင့်နိုင်ရန် နှစ်နိုင်ငံအစိုးရများက ရည်မှန်းထားကြပါသည်။

Source: 1. Signing of the Economic Cooperation and Trade Agreement (ECTA) between India and Australia, 2-4-2022, Press Information Bureau of India

2. All about India-Australia Economic Co-operation and Trade Agreement, 4-4-2022, The Hindu Business Line

3. India may get access to $10-billion Australian government tenders, 4-4-2022, Economic Times

Source: နေအေးလွင်- စီးပွားရေးသံမှူး

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၂၊ ဧပြီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 34,529,194.160 | 185.502 | | 1 | ရေနံထွက်ပစ္စည်းများ | 142.572 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 13,932,858.922 | 135.309 | | 2 | ချည်ထည်များ | 98.681 |
| 3 | ပဲတီစိမ်း | မတန် | 55,200.424 | 42.809 | | 3 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 75.126 |
| 4 | ဆန် | မတန် | 123,447.900 | 42.706 | | 4 | စားအုန်းဆီ | 66.926 |
| 5 | ရာဘာစိမ်း | မတန် | 17,115.090 | 27.163 | | 5 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 38.231 |
| 6 | ပြောင်း | မတန် | 63,749.900 | 19.948 | | 6 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 31.927 |
| 7 | ငါး | မတန် | 19,539.535 | 18.581 | | 7 | စက်နှင့်စက်ပစ္စည်းများ | 26.172 |
| 8 | ဆန်ကွဲ | မတန် | 52,471.000 | 16.217 | | 8 | ဆေးဝါးပစ္စည်းများ | 23.902 |
| 9 | မတ်ပဲ | မတန် | 11,073.515 | 8.562 | | 9 | မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ | 20.936 |
| 10 | မြေထောက်ပဲ | မတန် | 11,380.259 | 8.098 | | 10 | ဓါတုဗေဒပစ္စည်းများ | 17.761 |

### ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၂--၄-၂၀၂၁ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၂--၄-၂၀၂၁ ) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၂--၄-၂၀၂၁)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၂--၄-၂၀၂၁ )ထိ | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 236.300 | 232.618 | -6.682 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 220.598 | 215.988 | -4.610 |
| ၂ | တိရိစ္ဆာန်ထွက် | 0.164 | 2.040 | 1.876 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 328.493 | 267.788 | -60.705 |
| ၃ | ရေထွက် | 41.394 | 32.239 | -9.155 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 32.638 | 60.741 | 28.103 | | ၃ | လူသုံးကုန်ပစ္စည်း | 194.854 | 178.154 | -16.700 |
| ၅ | သစ်တောထွက် | 8.964 | 6.549 | -2.415 | | ၄ | CMP | 35.338 | 152.500 | 117.162 |
| ၆ | စက်မှုကုန်ချော | 386.486 | 398.340 | 11.854 | | | | | | |
| ၇ | အခြား | 27.451 | 11.629 | -15.822 | | | | | | |
| | **စုစုပေါင်း** | **736.397** | **608.848** | **7.759** | | | **စုစုပေါင်း** | **779.283** | **814.430** | **35.147** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂၊ ဧပြီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၇-၄-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းရှယ်(ဟောင်း) ၅ % | ပေါ်ဆန်း(ဟောင်း) | ပေါ်ဆန်း(သစ်) |
|---|---|---|---|
| ဖျာပုံ | 30000–30500 | – | 49000–50000 |
| မြောင်းမြ | 30500–31500 | 56000–57000 | 53000–54000 |
| ဒေးဒရဲ | 30500–29500 | – | 48000–49000 |
| ဝါးခယ်မ | 30000–30500 | – | 46000–47000 |
| ဘိုကလေး | 29500–30000 | – | 48000–49000 |
| မော်ကျွန်း | 29800–30300 | – | 47000–48000 |
| လပွတ္တာ | 30000–30500 | 54000–56000 | 50000–51000 |
| ကျိုက်လတ် | 29300–30300 | – | 46000–47000 |
| ဘုရင့်နောင် | 29500–30500 | 69000–71000 (ရွှေဘို) | 55000–62000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၂၊ ဧပြီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ညော့်မထ(သစ်) | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.4.2022 | 49000 | 48000 | 47000 | 30000 | 29500 | 29000 | 28000 | 27500 | 27000 |
| 2 | 4.4.2022 | 49000 | 48000 | 47000 | 30000 | 29500 | 29000 | 28000 | 27500 | 27000 |
| 3 | 5.4.2022 | 49000 | 48000 | 47000 | 30000 | 29500 | 29000 | 28000 | 27500 | 27000 |
| 4 | 6.4.2022 | 49000 | 48000 | 47000 | 30000 | 29500 | 29000 | 28000 | 27500 | 27000 |
| 5 | 7.4.2022 | 49000 | 48000 | 47000 | 30000 | 29500 | 29000 | 28000 | 27500 | 27000 |
| 6 | 8.4.2022 | | | | | | | | | |
| 7 | 18.4.2022 | 49000 | 48000 | 47000 | 29000 | 28500 | 28000 | 28000 | 27500 | 27000 |
| 8 | 19.4.2022 | 49000 | 48000 | 47000 | 29000 | 28500 | 28000 | 28000 | 27500 | 27000 |
| 9 | 20.4.2022 | 49000 | 48000 | 47000 | 29000 | 28500 | 28000 | 28000 | 27500 | 27000 |
| 10 | 21.4.2022 | 49000 | 48000 | 47000 | 29000 | 28500 | 28000 | 28000 | 27500 | 27000 |
| 11 | 22.4.2022 | 49000 | 48000 | 47000 | 29000 | 28500 | 28000 | 28000 | 27500 | 27000 |
| 12 | 25.4.2022 | 49000 | 48000 | 47000 | 29500 | 29000 | 28700 | 28500 | 28000 | 27500 |
| 13 | 26.4.2022 | 49000 | 48000 | 47000 | 29500 | 29000 | 28700 | 28500 | 28000 | 27500 |
| 14 | 27.4.2022 | 49000 | 48000 | 47000 | 29500 | 29000 | 28700 | 28500 | 28000 | 27500 |
| 15 | 28.4.2022 | 49000 | 48000 | 47000 | 29500 | 29000 | 28700 | 28500 | 28000 | 27500 |
| 16 | 29.4.2022 | 49000 | 48000 | 47000 | 29500 | 29000 | 28700 | 28500 | 28000 | 27500 |

**Source: Myanmar Rice**

## ၂၀၂၂၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2021 | 2022 | | | | |
| 1 | 1.4.2022 | 1470000 | 1455000 | 1273800–1298300 | 1610600–1635100 | 1426900–1451400 | 1457500–1546300 |
| 2 | 4.4.2022 | 1385000 | 1370000 | | | | |
| 3 | 5.4.2022 | 1415000 | 1395000 | 1273800–1298300 | 1580000–1613600 | 1396200–1429900 | 1457500–1546300 |
| 4 | 6.4.2022 | 1430000 | 1402500 | 1273800–1298300 | 1580000–1613600 | 1356400–1408500 | 1457500–1546300 |
| 5 | 7.4.2022 | 1485000 | 1440000 | 1273800–1298300 | 1580000–1613600 | 1356400–1408500 | 1457500–1546300 |
| 6 | 8.4.2022 | 1480000 | 1430000 | 1273800–1298300 | 1580000–1613600 | 1356400–1408500 | 1457500–1546300 |
| 7 | 18.4.2022 | 1481000 | 1422500 | 1273800–1298300 | 1561600–1583000 | 1356400–1408500 | 1457500–1546300 |
| 8 | 19.4.2022 | 1490000 | 1420000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1546300 |
| 9 | 20.4.2022 | 1490000 | 1420000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1546300 |
| 10 | 21.4.2022 | 1492500 | 1400000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1546300 |
| 11 | 22.4.2022 | 1495000 | 1400000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1546300 |
| 12 | 25.4.2022 | 1475000 | 1390000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1546300 |
| 13 | 26.4.2022 | 1467500 | 1385000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1546300 |
| 14 | 27.4.2022 | 1465000 | 1375000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1546300 |
| 15 | 28.4.2022 | 1456500 | 1372500 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1598300 |
| 16 | 29.4.2022 | 1458750 | 1375000 | 1273800–1298300 | 1531000–1583000 | 1396200–1482000 | 1457500–1598300 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.4.2022 | 2275000 | 1102300–1145200 | 1102300–1145200 | 1632000–1684100 | 624600–639600 |
| 2 | 4.4.2022 | | 1050200–1093100 | 1071700–1102300 | 1632000–1684100 | 612400–624600 |
| 3 | 5.4.2022 | 2275000 | 1050200–1123700 | 1102300–1145200 | 1632000–1684100 | 612400–624600 |
| 4 | 6.4.2022 | 2275000 | 1050200–1071700 | 1071700–1102300 | 1632000–1684100 | 612400–624600 |
| 5 | 7.4.2022 | 2275000 | 1050200–1071700 | 1071700–1102300 | 1632000–1684100 | 600000–612400 |
| 6 | 8.4.2022 | 2275000 | 1050200–1123700 | 1071700–1102300 | 1632000–1684100 | 600000–612400 |
| 7 | 18.4.2022 | 2275000 | 1050200–1123700 | 1071700–1102300 | 1632000–1684100 | 612400–624600 |
| 8 | 19.4.2022 | 2275000 | 1050200–1123700 | 1071700–1102300 | 1632000–1684100 | 612400–624600 |
| 9 | 20.4.2022 | 2275000 | 1050200–1123700 | 1071700–1102300 | 1632000–1684100 | 612400–624600 |
| 10 | 21.4.2022 | 2275000 | 1071700–1123700 | 1071700–1102300 | 1632000–1684100 | 612400–624600 |
| 11 | 22.4.2022 | 2275000 | 1102300–1123700 | 1071700–1102300 | 1632000–1684100 | 612400–624600 |
| 12 | 25.4.2022 | 2275000–1333200 | 1102300–1145200 | 1071700–1102300 | 1632000–1684100 | 624600–636900 |
| 13 | 26.4.2022 | 2275000–1333200 | 1102300–1145200 | 1071700–1102300 | 1632000–1684100 | 624600–636900 |
| 14 | 27.4.2022 | 2275000–1333200 | 1102300–1145200 | 1102300–1175800 | 1632000–1684100 | 624600–636900 |
| 15 | 28.4.2022 | 2275000–1333200 | 1102300–1145200 | 1071700–1175800 | 1632000–1684100 | 624600–636900 |
| 16 | 29.4.2022 | 2275000–1333200 | 1102300–1145200 | 1071700–1175800 | 1632000–1684100 | 624600–636900 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.4.2022 to 8.4.2022 | 18.4.2022 to 22.4.2022 | 25.4.2022 to 29.4.2022 |
|---|---|---|---|---|
| toမတ်ပဲ(2018 crop) | FAQ | 800–820 | 810–830 | 800–820 |
| | SQ | 900–920 | 915–935 | 900–920 |
| | အခွံချွတ် အလုံး/ အခြမ်း | 935–960 | 935–960 | 990–1040 |
| | အခွံပါ အခြမ်း | 860–885 | 860–885 | 940–990 |
| မတ်ပဲ (2017 crop) | FAQ | | | |
| | SQ | | | |
| | အခွံချွတ် အလုံး/ အခြမ်း | | | |
| | အခွံပါ အခြမ်း | | | |
| ပဲတီစိမ်း | FAQ (အညာ) | 740–790 | 740–790 | 775–825 |
| | FAQ (ပခုက္ကူ) | | | |
| | ရွှေဝါအသေး (Under 3.5 mm) | 830–870 | 830–870 | 830–870 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 930–950 | 930–950 | 950–1000 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 900–930 | 900–930 | 900–930 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | | | |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 860–885 | 860–885 | 925–950 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1035–1060 | 1035–1060 | 1100–1150 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | | | |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 760–780 | 770–790 | 750–770 |
| | ဖြူနီ (FAQ) | 740–760 | 750–770 | 730–750 |
| | အဖြူ (FAQ) | 740–760 | 750–770 | 730–750 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | | | |
| | ဖြူနီ (FAQ) | | | |
| | အဖြူ (FAQ) | | | |
| ကုလားပဲဖြူလုံးကြီး | FAQ | 650–700 | 650–700 | 625–675 |
| | အခွံချွတ်အခြမ်း | 900–950 | 900–950 | 925–975 |
| ပဲလွန်းဖြူ | FAQ | 775–800 | 775–800 | 775–800 |
| | SQ (12.5 ဧကာ) | 850–900 | 850–900 | 850–900 |
| ပဲလွန်းနီ | FAQ | 850–900 | 850–900 | 850–900 |
| မြေထောက်ပဲ | FAQ | 900–950 | 900–950 | 925–975 |
| | အခွံချွတ်အခြမ်း | 1000–1050 | 1000–1050 | 1025–1075 |
| | အခွံပါအခြမ်း | 925–975 | 925–975 | 950–1000 |
| ပဲထောပတ် | FAQ | 900–950 | 900–950 | 900–950 |
| | အခွံချွတ်အခြမ်း | | | |
| | အခွံပါအခြမ်း | | | |
| ပြောင်း | | 320–340 | 320–340 | 320–340 |
| နှမ်းဖြူ | | 1350–1450 | 1350–1450 | 1350–1450 |
| နှမ်းနက် (စမုံ) | | 1950–2050 | 1950–2050 | 1950–2050 |
| နှမ်းမှုန် | | | | |
| နှမ်းညို | | 1250–1300 | 1250–1300 | 1250–1300 |
| နှမ်းနက်(ရိုးရိုး) | | 1300–1400 | 1300–1400 | 1300–1400 |
| ပဲကြီး | | | | |
| ပဲယင်း | | 600–650 | 600–650 | 600–650 |
| ဘိုကိတ် | | | | |
| နံနံစေ့ | | | | |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 303 .20221 to 5.4.2022 | 6.4.2022 to 12.4.2022 | 20.4.2022 to 26.4.2022 | 27.4.2022 to 3.5.2022 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (well Milled Double Polished Sortexed) | 350-360 | 350-360 | 360-365 | 370-375 |
| 2 | Myanmar Long Grain White Rice 10% Broken (well Milled Double Polished Sortexed) | 345-350 | 345-350 | 355-360 | 360-365 |
| 3 | Myanmar Long Grain White Rice 15% Broken (well Milled Double Polished Sortexexd) | 340-345 | 340-345 | 350-355 | 355-360 |
| 4 | Myanmar Long Grain White Rice 20% Broken (well Milled Double Polished Sortexexd) | 335-340 | 335-340 | 345-350 | 350-355 |
| 5 | Myanmar Long Grain White Rice 25% Broken (well Milled Double Polished Sortexexd) | 330-335 | 330-335 | 340-345 | 340-345 |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 330-335 | 330-335 | 340-345 | 350-355 |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 320-325 | 320-325 | 335-340 | 340-345 |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 310-315 | 310-315 | 320-325 | 320-325 |
| 9 | Myanmar Long Grain White Rice 35% Broken (Reasonable Well Milled) | 305-310 | 305-310 | 310-320 | 310-320 |
| 10 | Myanmar Long Grain Brown Rice 5% Broken | 330-340 | 330-340 | 335-345 | 335-345 |
| 11 | Myanmar Long Grain Brown Rice 10% Broken | 325-330 | 325-330 | 330-335 | 330-335 |
| 12 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 350-355 | 350-355 | 360-365 | 370-375 |
| 13 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 345-350 | 345-350 | 355-360 | 360-365 |
| 14 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 340-345 | 340-345 | 345-355 | 350-355 |
| 15 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 335-340 | 335-340 | 335-345 | 340-345 |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 345-350 | 345-350 | 360-365 | 365-370 |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 340-345 | 340-345 | 350-360 | 355-360 |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 335-340 | 335-340 | 345-350 | 350-355 |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 335-345 | 340-345 |
| 20 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 5% Broken (Well Milled Double Polished Sortexed) | - | - | - | - |
| 21 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 10% Broken (Well Milled Double Polished Sortexed) | - | - | - | - |

**Source: MRF**

## ၂၀၂၂၊ ဧပြီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.4.2022 | 99.87 | 104.68 | 314.80 | 5.66 | 369.12 |
| 2 | 4.4.2022 | 99.34 | 104.32 | 315.42 | 5.57 | 350.55 |
| 3 | 5.4.2022 | 104.74 | 108.98 | 323.98 | 5.86 | 356.69 |
| 4 | 6.4.2022 | 101.98 | 106.87 | 317.01 | 6.10 | 350.34 |
| 5 | 7.4.2022 | 97.80 | 102.98 | 309.90 | 6.14 | 339.85 |
| 6 | 8.4.2022 | 95.74 | 100.09 | 302.37 | 6.36 | 326.73 |
| 7 | 18.4.2022 | 107.92 | 112.94 | 339.94 | 7.51 | 391.84 |
| 8 | 19.4.2022 | 108.43 | 113.68 | 338.85 | 7.79 | 390.84 |
| 9 | 20.4.2022 | 102.75 | 108.02 | 331.38 | 6.83 | 399.00 |
| 10 | 21.4.2022 | 102.75 | 107.81 | 330.96 | 6.82 | 398.07 |
| 11 | 22.4.2022 | 102.57 | 107.10 | 329.50 | 6.94 | 388.76 |
| 12 | 25.4.2022 | 99.30 | 103.81 | 323.26 | 6.44 | 391.58 |
| 13 | 26.4.2022 | 99.60 | 103.72 | 326.92 | 6.85 | 417.92 |
| 14 | 27.4.2022 | 101.73 | 105.24 | 335.92 | 6.85 | 440.00 |
| 15 | 28.4.2022 | 100.40 | 103.50 | 341.89 | 7.27 | 467.40 |
| 16 | 29.4.2022 | 105.22 | 107.85 | 347.33 | 6.98 | 513.54 |

Source: Bloomberg Commodities

## ၂၀၂၂၊ ဧပြီလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Apr 2022 | 162.64 | * | 231.50 | * | 175.55 |
| 2 | 02 Apr 2022 | * | * | 232.15 | * | * |
| 3 | 04 Apr 2022 | 163.33 | * | 232.30 | * | 176.60 |
| 4 | 05 Apr 2022 | 163.88 | * | 232.15 | * | 178.10 |
| 5 | 06 Apr 2022 | 163.81 | * | 229.50 | * | 177.55 |
| 6 | 07 Apr 2022 | 162.74 | * | 226.90 | * | 173.95 |
| 7 | 08 Apr 2022 | 162.84 | * | 225.65 | * | 175.35 |
| 8 | 11 Apr 2022 | 162.39 | * | 226.45 | * | 173.70 |
| 9 | 09 Apr 2022 | * | * | 226.30 | * | * |
| 10 | 12 Apr 2022 | 162.15 | * | 226.00 | * | 173.90 |
| 11 | 13 Apr 2022 | 161.92 | * | 225.00 | * | 172.50 |
| 12 | 14 Apr 2022 | 162.20 | * | 224.35 | * | 173.75 |
| 13 | 16 Apr 2022 | * | * | 224.35 | * | * |
| 14 | 18 Apr 2022 | 162.42 | * | 223.90 | * | 175.50 |
| 15 | 19 Apr 2022 | * | * | 224.15 | * | * |
| 16 | 20 Apr 2022 | 158.30 | * | 222.45 | * | 172.95 |
| 17 | 21 Apr 2022 | 156.29 | * | 221.75 | * | 171.95 |
| 18 | 22 Apr 2022 | 154.79 | * | 220.10 | * | 168.50 |
| 19 | 23 Apr 2022 | * | * | 219.45 | * | * |
| 20 | 25 Apr 2022 | 152.81 | * | 217.65 | * | 164.65 |
| 21 | 26 Apr 2022 | 152.85 | * | 218.15 | * | 164.30 |
| 22 | 27 Apr 2022 | 151.38 | * | * | * | 161.30 |
| 23 | 28 Apr 2022 | 150.25 | * | 217.95 | * | 159.35 |

Source: Association of natural rubber producting countries

## ၂၀၂၂ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.4.2022 | 1941 | 1943 | 2036000 | 2037500 |
| 2 | 4.4.2022 | 1923 | 1924 | 2025000 | 2018500 |
| 3 | 5.4.2022 | 1929 | 1984 | 2020000 | 2022000 |
| 4 | 6.4.2022 | 1927 | 1984 | 2024000 | N/A |
| 5 | 7.4.2022 | 1925 | 1927 | 2036000 | 2039000 |
| 6 | 8.4.2022 | 1933 | 1934 | N/A | N/A |
| 7 | 18.4.2022 | 1986 | 1984 | N/A | N/A |
| 8 | 19.4.2022 | 1981 | 1983 | N/A | N/A |
| 9 | 20.4.2022 | 1954 | 1955 | 2065000 | 2065000 |
| 10 | 21.4.2022 | 1954 | 1955 | N/A | N/A |
| 11 | 22.4.2022 | 1951 | 1955 | N/A | N/A |
| 12 | 25.4.2022 | 1928 | 1929 | 2058000 | 2054000 |
| 13 | 26.4.2022 | 1908 | 1909 | 2050000 | 2044000 |
| 14 | 27.4.2022 | 1900 | 1901 | N/A | 2043000 |
| 15 | 28.4.2022 | 1883 | 1889 | N/A | 2017000 |
| 16 | 29.4.2022 | 1906 | 1991 | N/A | N/A |

Source: Bullionvault, etrademyanmar


## ၂၀၂၂ ဧပြီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.4.2022 | 1750-1800 | 1700-1750 | 1650-1700 | 1600.1650 | 1550-1600 |
| 2 | 11.4.2022 | 1700-1750 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 |
| 3 | 18.4.2022 | 1700-1750 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 |
| 4 | 25.4.2022 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |

Source: mrppa

## ၂၀၂၂၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| Date | Dollar | Earning |
|---|---|---|
| 1.4.2022 | N/A | Close |
| 4.4.2022 | N/A | N/A |
| 5.4.2022 | 2010 | N/A |
| 6.4.2022 | 2000 | N/A |
| 7.4.2022 | 2010 | N/A |
| 8.4.2022 | 2020 | N/A |
| 18.4.2022 | 2010 | N/A |
| 19.4.2022 | 2010 | N/A |
| 20.4.2022 | 2045 | N/A |
| 21.4.2022 | 2035 | N/A |
| 22.4.2022 | 2045 | N/A |
| 25.4.2022 | 2030 | N/A |
| 26.4.2022 | 2010 | N/A |
| 27.4.2022 | 2020 | N/A |
| 28.4.2022 | 2035 | N/A |
| 29.4.2022 | 2025 | N/A |




Source: e trade Myanmar

## ၂၀၂၂၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.4.2022 | – | – | – | – | – | – |
| 2 | 4.4.2022 | 1850.0 | 55.224 | 290.74 | 1363.4 | 24.492 | 1508.8 |
| 3 | 5.4.2022 | 1850.0 | 55.364 | 290.74 | 1365.3 | 24.552 | 1506.7 |
| 4 | 6.4.2022 | 1850.0 | 55.109 | 290.75 | 1361.1 | 24.468 | 1493.9 |
| 5 | 7.4.2022 | 1850.0 | 55.257 | 290.72 | 1359.6 | 24.364 | 1494.6 |
| 6 | 8.4.2022 | 1850.0 | 55.002 | 290.73 | 1357.3 | 24.371 | 1490.7 |
| 7 | 18.4.2022 | 1850.0 | 54.949 | 290.56 | 1359.5 | 24.269 | 1461.1 |
| 8 | 19.4.2022 | 1850.0 | 54.864 | 289.95 | 1355.2 | 24.246 | 1442.0 |
| 9 | 20.4.2022 | 1850.0 | 54.75 | 288.39 | 1354.8 | 24.221 | 1441.5 |
| 10 | 21.4.2022 | 1850.0 | 54.653 | 286.96 | 1359.0 | 24.266 | 1443.6 |
| 11 | 22.4.2022 | 1850.0 | 54.5 | 284.89 | 1353.6 | 24.188 | 1439.6 |
| 12 | 25.4.2022 | 1850.0 | 54.356 | 281.80 | 1346.7 | 24.137 | 1444.4 |
| 13 | 26.4.2022 | 1850.0 | 54.07 | 282.59 | 1347.3 | 24.150 | 1448.4 |
| 14 | 27.4.2022 | 1850.0 | 53.834 | 282.04 | 1341.2 | 24.128 | 1445.7 |
| 15 | 28.4.2022 | 1850.0 | 53.662 | 279.72 | 1334.6 | 24.168 | 1412.9 |
| 16 | 29.4.2022 | 1850.0 | 54.046 | 280.70 | 1340.6 | 24.223 | 1420.7 |

Source: Central Bank of Myanmar